ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၆ ရက်၊ သောကြာနေ့၊ (26-3-2004) (၄၁၈၇)

ဝိရတီ ပါပါ
တော် မင်္ဂလ မုတ္တမံ။

မကောင်းမှုကို စိတ်ဖြင့် ရှောင်ကြဉ်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ခေတ်မီတပ်မတော် တည်ဆောက်

နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်နိုင်ဖို့အတွက် တပ်မတော်ကို စွမ်းရည်ရှိတဲ့တပ်မတော်အဖြစ် အမြဲတမ်း ရပ်တည်နေနိုင်အောင် တည်ဆောက်ရမှာဖြစ်တယ်။ နိုင်ငံတော်ကို အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်တဲ့ လုပ်ငန်းစဉ်ကြီးထဲမှာ ခေတ်မီတပ်မတော် တည်ဆောက်ရေးလုပ်ငန်းဟာလဲ အရေးပါတဲ့ လုပ်ငန်းတစ်ခုဖြစ်တယ်။ နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေးစွမ်းအားတွေ ဖွံ့ဖြိုးလာတာနဲ့အမျှ အဲဒီလူ့ဘောင်ကို ကာကွယ်ရမယ့် တပ်မတော်ဟာလဲ ခေတ်ကိုရင်ပေါင်တန်းနိုင်ရမယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၇)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်းမှ-

ယနေ့ထုတ်
စောင်ရေ
၁၉၆၉၆၉

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ (၅၉)နှစ်မြောက် တပ်မတော်နေ့ပြပွဲ ပြခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (၅၉)နှစ်မြောက် တပ်မတော်နေ့ပြပွဲပြခန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ယနေ့ညနေပိုင်းတွင် (၅၉)နှစ်မြောက် တပ်မတော်နေ့ပြပွဲ ပြခန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၆-၃-၂၀၀၄
(သောကြာနေ့)

စွမ်းရည်ထက်မြက်မြင့်မားအောင် ကြိုးပမ်း နိုင်ငံတော်ကို စွမ်းစွမ်းတမံ ကာကွယ်စောင့်ရှောက်

ယနေ့အချိန်အခါတွင် တပ်မတော်သည် နိုင်ငံတော်၏ ရည်မှန်းချက် ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း တည်ဆောက်လျက်ရှိသည်။ ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်ရင်း နိုင်ငံတော်၏ စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။

တပ်မတော်သည် အမျိုးသားနိုင်ငံရေးကို အစဉ်ရှေးရှုဆောင်ရွက်ခဲ့သော တပ်မတော်ဖြစ်သည်နှင့်အညီ မျက်မှောက်ကာလတွင်လည်း အဓိကတာဝန်ကြီးသုံးရပ်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ စွမ်းရည်ထက်မြက်စေရန် လေ့ကျင့်ရေး တာဝန်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားကို ထာဝစဉ်သယ်ပိုးဆောင်ရွက်ရေး တာဝန်များကို ထမ်းဆောင်လျက်ရှိသည်။

အဆိုပါတာဝန်ကြီးများအနက် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်ရေးစစ်ရာများကို ထမ်းဆောင်ရာတွင် စစ်ရေးစွမ်းရည် တိုးတက်ရေးအတွက် အစဉ်အမြဲလေ့ကျင့်ရင်း အရည်အချင်းပြည့်ဝသည့် ခေတ်မီတပ်မတော်ကြီးကို တည်ဆောက်လျက်ရှိသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက (၅၇)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်း အနားတွင် မိန့်ခွန်းပြောကြားရာ၌ **နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်နိုင်ဖို့အတွက် တပ်မတော်ကို စွမ်းရည်ရှိတဲ့ တပ်မတော်အဖြစ် အမြဲတမ်းရပ်တည်နေနိုင်အောင် တည်ဆောက်ရမှာဖြစ်တယ်။ နိုင်ငံတော်ကို အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်တဲ့ လုပ်ငန်းစဉ်ကြီးထဲမှာ ခေတ်မီတပ်မတော်တည်ဆောက်ရေး လုပ်ငန်းဟာလည်း အရေးပါတဲ့လုပ်ငန်းတစ်ခုဖြစ်တယ်။ နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေးစွမ်းအားတွေ ဖွံ့ဖြိုးလာတာနဲ့အမျှ အဲဒီလူ့ဘောင်ကို ကာကွယ်ရမယ့် တပ်မတော်ဟာလည်း ခေတ်ကိုရင်ပေါင်တန်းနိုင်ရမယ်** ဟူ၍ မိန့်ကြားခဲ့သည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အတွက် ခေတ်မီတပ်မတော်တစ်ရပ်သည် မရှိမဖြစ်လိုအပ်ချက်ဖြစ်သည်။ နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ ခေတ်မီအင်အားတောင့်တင်းသည့် တပ်မတော်ကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း စုစည်းတည်ဆောက်သွားရမည်ဖြစ်သည်။

နိုင်ငံတော် ကာကွယ်ရေးအတွက် စွမ်းရည်ထက်မြက်မြင့်မားသည့် ခေတ်မီတပ်မတော်ကို တည်ဆောက်ရာတွင် လူ၊ ပစ္စည်း၊ စွမ်းရည်နှင့် စိတ်ဓာတ်တို့ တောင့်တင်းခိုင်မာစေရန် တည်ဆောက်ရမည်ဖြစ်သည်။ လူအင်အား၊ ပစ္စည်းအင်အား စသည့် ရုပ်ပိုင်းဆိုင်ရာ စွမ်းရည်အင်အားများ ဖွံ့ဖြိုးခိုင်မာလာစေရန် ကြိုးပမ်းအားထုတ်ရာတွင် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စည်ပင်ရေးလုပ်ငန်းများတွင် ပြည်သူတစ်ရပ်လုံးက တပ်မတော်နှင့်အတူ ကျရာကဏ္ဍက အင်တိုက်အားတိုက် ပါဝင်ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။

ခေတ်မီတပ်မတော်တစ်ရပ်၏ ဂုဏ်အင်္ဂါတွင် ရုပ်ဝတ္ထုပစ္စည်းသာမက စိတ်ဓာတ်ရေးရာ အရည်အချင်းများဖြင့်လည်း ပြည့်စုံနေရမည်ဖြစ်သည်။ ထို့ကြောင့် တပ်မတော်သားတိုင်းက စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှု စွမ်းရည်သုံးရပ်နှင့် ပြည့်စုံမှုဟူသည့် အခြေခံအရည်အချင်းငါးပါးနှင့် ပြည့်စုံစေရန် စောင့်ထိန်းလိုက်နာလျက်ရှိကြသည်။

တပ်မတော်သားတိုင်းသည် စွမ်းရည်သုံးရပ်ဖြစ်သည့် စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်နှင့် စည်းရုံးရေးစွမ်းရည်တို့ တိုးတက်ထက်မြက်နေစေရန် အစဉ်အမြဲ ကြိုးပမ်းလျက်ရှိကြသည်။

အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီတပ်မတော်အဖြစ် တည်ဆောက်ရာတွင် စွမ်းရည်ထက်မြက်ရေး၊ စိတ်ဓာတ်ခိုင်မာရေးတို့အတွက် လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေးနှင့် စိတ်ဓာတ်ဟူသည့် တပ်တည်ဆောက်ရေး လုပ်ငန်းတာဝန်ကြီးလေးရပ်ကို အလေးထားတည်ဆောက်လျက်ရှိသည်။

သို့ဖြစ်ရာ တပ်မတော်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်၏ဂုဏ်အင်္ဂါရပ်နှင့်အညီ စွမ်းရည်ထက်မြက်မြင့်မားသည့် ခေတ်မီတပ်မတော်ကြီးကို ကြိုးပမ်းတည်ဆောက်ရင်း နိုင်ငံတော်လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထာဝရ စွမ်းစွမ်းတမံ ကာကွယ်စောင့်ရှောက်သွားနိုင်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဘင်္ဂလားဒေ့ရှ်လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၂၆

၂၀၀၄ခုနှစ် မတ် ၂၆ရက်၌ ကျရောက်သော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်ထံမှ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မလေးရှားဝန်ကြီးချုပ်ထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်ထံမှ မလေးရှားနိုင်ငံဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးချယ်ခံရသူ ဒါတိုဆီရီ အဗ္ဗဒူလာဟာဂျီအာမက်ဘာဒါဝီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံတော်ပြန်တမ်း

ရန်ကုန် မတ် ၂၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲ ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

	အမည်၊ ရာထူး၊ ဌာန	**ခန့်ထားသည့်ရာထူး၊ ဌာန**
(က)	ဦးသာဦး ဒုတိယပါမောက္ခချုပ် ပင်လုံတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် ပင်လုံတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(ခ)	ဦးဝမ်းတင် ဒုတိယပါမောက္ခချုပ် စစ်တွေတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် စစ်တွေတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(ဂ)	ဦးစိုးမြင့် ဒုတိယပါမောက္ခချုပ် ဟသ်ာတတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် ဟသ်ာတတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန

ဘင်္ဂလားဒေ့ရှ်လွတ်လပ်ရေးနေ့ ဝန်ကြီးဦးဝင်းအောင် သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၂၆

၂၀၀၄ ခုနှစ် မတ် ၂၆ ရက်၌ ကျရောက်သောဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အမ်၊ မိုရှက်ခန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

သံအမတ်ကြီး ဦးစိုးဝင်းအား နယူးဇီလန်နိုင်ငံဆိုင်ရာ သံအမတ်ကြီးပူးတွဲခန့်အပ်

ရန်ကုန် မတ် ၂၆

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ ဖြိုး ရေး ကောင် စီ ဥက္ကဋ္ဌ သည် သြစတြေးလျနေသဟာယနိုင်ငံဆိုင်ရာ အထူး အာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာ နိုင်ငံတော် သံအမတ်ကြီး ဦးစိုးဝင်းအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် နယူးဇီလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ကြိုဆိုဂုဏ်ပြုကဗျာ



မြန်မာ့တပ်မတော်သည် ဤသို့

☆ တပ်မတော်ဟု၊ ထွန်းပေါ်လာရ
ဗီဇသန္ဓေ၊ အခြေအမြစ်
အမျိုးချစ်စိတ်၊ ပြည်ချစ်စိတ်တည့်။

☆ အမျိုးအတွက်၊ အသက်တွေပေး
လွတ်လပ်ရေးကို
ယူပေးခဲ့ပြီးဖြစ်ပါပြီ။

☆ အမျိုးအတွက်၊ စိတ်လက်ကြည်အေး
ငြိမ်းချမ်းရေးကို
ဖန်တီးပေးပြီးဖြစ်ပါပြီ။

☆ အမျိုးအတွက်၊ တိုးတက်ဖွံ့ဖြိုး
ဂုဏ်မညှိုးရန်၊ စီမံစိုင်းပြင်း
လမ်းခင်းလျက်သာ၊ ရှိနေတာကို
သေချာတွေ့မြင်နေပါပြီ။

☆ အမျိုးအတွက်၊ Road Map ကိုရေး
ပြည့်ရှေ့ရေးကို
ချပေးခဲ့ပြီးဖြစ်ပါသည်။

☆ ချပြီး Road Map၊ ခုနစ်ချက်တိုင်း
မပျက်မကွက်၊ ဆက်လက်လှုပ်ရှား
လုပ်ဟန်များကို၊ ထင်ရှားတွေ့မြင်
ပေါ်လွင်နေပြီဖြစ်ပါသည်။ ။

ဖိုးဝ

☆ ရှေ့ဖုံးမှ

နိုင်ငံတော်ဝန်ကြီးချုပ်၊ တပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းတို့နှင့်အတူ ညနေ ၄နာရီ ၅၅မိနစ်တွင် (၅၉)နှစ်မြောက် တပ်မတော်နေ့ပြပွဲပြသမည့် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့ ရောက်ရှိလာသည်။

ကြိုဆို

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော် လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်(ကြည်း၊ရေ၊လေ)အရာရှိကြီးများနှင့် ဒုတိယဝန်ကြီးများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တပ်မတော် စစ်သမိုင်းပြတိုက် အဝင်ခန်းမကြီးကို ကြည့်ရှုသည်။

ဦးတည်ချက်(၁၂)ရပ်ပြခန်း

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် နိုင်ငံတော် ဦးတည်ချက်(၁၂)ရပ်ပြခန်းကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ တပ်မတော်(ရေ)ပြခန်း၊ တပ်မတော်(လေ)ပြခန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (၅၉)နှစ်မြောက် တပ်မတော်နေ့ပြပွဲ ပြခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ညွှန်ကြားရေးမှူးရုံးပြခန်း

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ကာကွယ်ရေး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံး ပြခန်းများကိုကြည့်ရှုစစ်ဆေးကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် (၅၉)နှစ်မြောက်တပ်မတော်နေ့ ပြပွဲ ပြခန်းများကို တစ်နာရီခန့်ကြာ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ညနေ ၅နာရီ ၄၅မိနစ်တွင် တပ်မတော်စစ်သမိုင်းပြတိုက်မှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (၅၉)နှစ်မြောက် တပ်မတော်နေ့ပြပွဲ ပြခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

တပ်မတော်နေ့ စစ်ချီစစ်ရေးတေးပြိုင်ပွဲမှ အထူးဆုရရှိသူများ အမည်စာရင်းထပ်မံထုတ်ပြန်

ရန်ကုန် မတ် ၂၅

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ ကဗျာနှင့်အနုပညာ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသော စစ်ချီ စစ်ရေးတေးပြိုင်ပွဲများမှ ဆုရရှိသူများ အမည်စာရင်းကို သက်ဆိုင်ရာမှ ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ အထူးဆု ရရှိသူ ခြောက်ဦး၏ အမည်စာရင်းကို ယနေ့ ထပ်မံထုတ်ပြန်သည်။ ၎င်းတို့မှာ စစ်ချီတေးပြိုင်ပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ သိန်းစိုးမိုး၏ **"တပ်မတော်ရဲဘော် အောင်စစ်သည်တော်"**နှင့် မြဝတီ ရုပ်မြင်သံကြားမှ ဝင်းထွန်း(မြဝတီ)၏ **"ပြည်ထောင်စုကို အသက်ပေး ကာကွယ်မည်"**တို့ကလည်းကောင်း၊ စစ်ရေးတေးအဆင့်(၁) ပြိုင်ပွဲတွင် မြဝတီရုပ်မြင်သံကြားမှ လေးနိုင်မင်း(မြဝတီ)၏ **"နိုင်ငံတော်အတွက် အမြဲအသင့်ရှိသည်"**နှင့် မြဝတီ ရုပ်မြင်သံကြားမှ ဝင်းထွန်း(မြဝတီ)၏ **"ပြည်သူနှင့်တပ်မတော် လက်တွဲတူပျော်"**တို့က လည်းကောင်း၊ စစ်ရေးတေးအဆင့်(၂) ပြိုင်ပွဲတွင် တပ်မတော်ဂုဏ်ပြုနှင့် စစ်တီးဝိုင်း တပ်မှ ဒုတိယအရာခံဗိုလ်ဝင်းမောင်၏ **"အမြဲအသင့်ရှိမည့်တပ်မတော်"** နှင့် တောင်ဒဂုံမြို့နယ်မှ တင့်လွင်ဦး၏ **"ဂုဏ်ယူပါတယ်သူငယ်ချင်း"** တို့ကလည်းကောင်း အထူးဆုများ အသီးသီး ရရှိကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

● **ကျောဖုံးမှ**

အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့် အဖွဲ့ဝင်များနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းလည်း တက်ရောက်သည်။ (သတင်းစဉ်)

တွေ့ဆုံနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီအား ရန်ကုန်မြို့ ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံ နှုတ်ဆက်စဉ်။
(သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ စစ်ရေးပြစစ်ကြောင်းကြီးများ အပြီးသတ်စစ်ရေးပြလေ့ကျင့်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂၅

(၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများ မြို့မကွင်းမှ တော်လှန်ရေးပန်းခြံသို့ အသွားအပြန် အပြီးသတ် ချီတက်လေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

စစ်ရေးပြလေ့ကျင့်ရာသို့ ဒုတိယ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်များဖြစ်ကြသည့် ဗိုလ်ချုပ်ဝင်းမြင့်၊ ဗိုလ်ချုပ်အောင်ကြည်နှင့် ဗိုလ်မှူးချုပ်ဉာဏ်ဝင်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက် ကြည့်ရှုစစ်ဆေးကြသည်။

အပြီးသတ် စစ်ရေးပြလေ့ကျင့်မှုများ ဆောင်ရွက်ရာတွင် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မင်းသိန်းနှင့် အရန်စစ်ရေးပြမှူးကြီး ဗိုလ်မှူးကြီး ညီထွန်းတို့ ဦးဆောင်သည့် အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ နဝဒေးစစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်း၊ မြဝတီစစ်ကြောင်းနှင့် အောင်ဆန်းစစ်ကြောင်းတို့ကစစ်ရေးပြလေ့ကျင့်မှုများကို စစ်ရေးပြအမိန့်စဉ်များအတိုင်း မြို့မကွင်းမှ တော်လှန်ရေးပန်းခြံသို့ အသွားအပြန် ချီတက်လေ့ကျင့်ကြသည်။

မှာကြား

ထို့နောက် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက စစ်ရေးပြ စစ်ကြောင်းကြီးများအား လိုအပ်သည်များကို မှာကြားပြီး နံနက် ၁၀ နာရီတွင် မြို့မကွင်းမှ ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

(၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများ အပြီးသတ် လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ထပဆ)



မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၅

အထက(၄) အင်းစိန်၌ ပညာသင်ကြားပေးခဲ့ကြသော ဆရာဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို မတ် ၂၈ရက်(တနင်္ဂနွေနေ့)မွန်းတည့်၁၂နာရီတွင် အထက(၄) အင်းစိန်ကျောင်းခန်းမ၌ကျင်းပမည်ဖြစ်၍ ကျောင်းနေဖက်များ တက်ရောက်ပူဇော် ကန်တော့နိုင်ရန် မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီက နှိုးဆော်ထားသည်။ (က-ပ)

ဘုရှ်သည် လူထုကို လိမ်ညာလှည့်ဖြား၍ ကျူးကျော်စစ် ဆင်နွှဲခဲ့ အီရတ်တွင်သေဆုံးခဲ့ရသည့် ကန်တပ်ဖွဲ့ဝင်၏ ဇနီး ပြောကြား

စင်တာပွိုင့်(အမေရိကန်) မတ် ၂၄

အီရတ်စစ်ပွဲအတွင်း အမေရိကန်တပ်ဖွဲ့ဝင် ဂျက်ဆီကာလင့်ချ်ပါဝင်ခဲ့သော တိုက်ပွဲတွင် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့သည့် တပ်ဖွဲ့ဝင်၏ ဇနီးက အမေရိကန်သမ္မတ ဘုရှ်သည် ပြည်သူများကို လိမ်ညာလှည့်ဖြား၍ အီရတ်စစ်ပွဲကိုဆင်နွှဲခဲ့သည်ဟု ပြစ်တင်ပြောကြားသည်။

တိုက်ပွဲ၌သေဆုံးခဲ့ရသော တပ်ဖွဲ့ဝင်မှာ ကျွမ်းကျင်သူ ဂျိမ်းကိချ်ဖြစ်သည်။ ကျန်ရစ်သူဇနီးသည် ဂျီးလ်က ခင်ပွန်း၏ အုတ်ဂူနံဘေးတွင် ရပ်ရင်း ခါးခါးသီးသီး ဝေဖန်ခဲ့သည်ဟု ဆိုသည်။ သူမက ဘုရှ်သည် အီရတ်ခေါင်းဆောင် ဆက်ဒမ်ကို ဖြုတ်ချရန် လီဆယ်ဖန်တီးထားသော အကြောင်းပြချက်များနှင့် ကျူးကျော်စစ်ကို ဆင်နွှဲခဲ့ကြောင်း စွပ်စွဲပြောကြားသည်။

ဝေဖန်စကားဆို

အီရတ်စစ်ပွဲနှင့်ပတ်သက်၍ တွေ့ရှိလာရသော အထောက်အထားများအရ ဘုရှ်သည် အမေရိကန်ပြည်သူများကို လမ်းမှားသို့ ရောက်အောင် တွန်းပို့ခဲ့ကြောင်း ကျန်ရစ်သူဇနီးသည် ဂျီးလ်က ဝေဖန်စကားဆိုခဲ့သည်။ သူမသည် တပ်ဖွဲ့ဝင် ဂျိမ်း၏ ကျန်ရစ်သူ ၁၀ လသားအရွယ် သားငယ်ကလေးကို ရင်ခွင်တွင် ပွေ့ချီထားရင်း ထိုစကားများ ပြောကြားခြင်းဖြစ်သည်။

တိုက်ခိုက်ခံခဲ့ရ

သေဆုံးခဲ့ရသူ ဂျိမ်းမှာ အသက် ၂၂ နှစ်အရွယ်ရှိ ကွန်ပျူတာအင်ဂျင်နီယာ တပ်ဖွဲ့ဝင် တစ်ဦးဖြစ်သည်။ ၎င်းသည် အမှတ် (၅၀၇) ပြုပြင်ထိန်းသိမ်းရေး တပ်ဖွဲ့မှဖြစ်သည်။ ထိုတပ်ခွဲမှ ဂျိမ်းအပါအဝင် ၁၁ ဦးသေဆုံးခဲ့ရသည်။ အီရတ်စစ်ပွဲဖြစ်ပွားစကာလ ၂၀၀၃ ခုနှစ် မတ်လ ၂၃ ရက်တွင် အဆိုပါ တပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံ တောင်ပိုင်း နာဆရီယာမြို့အနီးတွင် ချိတက်ရာ လမ်းကြောင်းလွဲသွားစဉ် အီရတ်ပြောက်ကျားများ၏ တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်သည်။

ပါဝင်

ထိုတပ်ခွဲမှ အခြားတပ်ဖွဲ့ဝင် ခုနစ်ဦးမှာ အဖမ်းခံခဲ့ရသည်။ အဖမ်းခံရသူများထဲတွင် ဂျက်ဆီကာလင့်ချ်ဆိုသူ အမျိုးသမီးတပ်ဖွဲ့ဝင်လည်းပါဝင်သည်။

ဆက်စပ်မှုရှိ

အီရတ်တွင် လူအမြောက်အမြားသေစေနိုင်သော တရားမဝင်လက်နက်များရှိနေသည်။ အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်စပ်မှုရှိသည်ဟူသော အကြောင်းပြချက်များပေးပြီး အီရတ်ကို ကျူးကျော်စစ်ဆင်နွှဲခဲ့သည်။

မတွေ့ရ

ယခုအခါ အီရတ်နိုင်ငံကို အမေရိကန်တို့ ကျူးကျော်သိမ်းပိုက်ထားသည်မှာ တစ်နှစ်ကျော်ပြီဖြစ်သည်။ သို့တိုင်အောင် အမေရိကန်တို့၏ စွပ်စွဲချက်များ မှန်ကန်သည်ဆိုသော အထောက်အထား တစ်စုံတစ်ရာ တိတိပပ မတွေ့ရဘဲ ဖြစ်နေသည်။

အမ်အင်အေ၊ ရိုက်တာ။

ခဲများဖြင့် ပစ်ပေါက်

မတ် ၂၂ ရက်က အီရတ်နိုင်ငံ ဘာဆရာမြို့တွင် ဗြိတိသျှတပ်ဖွဲ့ဝင်များအား ခဲများဖြင့် ပစ်ပေါက်နေသည့် အီရတ်လူငယ်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်မြောက်ပိုင်း၌ လုံခြုံရေး အစောင့်တစ်ဦး တိုက်ခိုက်ရေးသမားများ ပစ်ခတ်သည့်အတွက် သေဆုံး

မိုဆူးလ်(အီရတ်) မတ် ၂၄

အလုပ်ရှိရာနေရာသို့သွားနေစဉ် တိုက်ခိုက်ရေးသမားများက ပစ်ခတ်သည့်အတွက် အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့တွင် တနင်္လာနေ့က လုံခြုံရေးအစောင့်တစ်ဦး သေဆုံးပြီး အခြားသုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်လုံခြုံရေးတာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

အဆိုပါ ပုဂ္ဂိုလ်များသည် သံရုံးများ၊ ဝန်ကြီးဌာနများနှင့် အခြားအုပ်ချုပ်ရေးရုံးများနှင့် အဆောက်အအုံများကို စောင့်ကြပ်ပေးရန် အီရတ်နိုင်ငံရှိ အမေရိကန်အုပ်ချုပ်ရေးအဖွဲ့က ဖွဲ့စည်းထားသော အဖွဲ့အစည်းအတွက် လုပ်ကိုင်နေသူများဖြစ်သည်။

တနင်္လာနေ့ နံနက်က လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် အဆိုပါအဖွဲ့မှတစ်ဦး သေဆုံးပြီး အခြားလူသုံးဦးဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်ဟု မိုဆူးလ်မြို့ရှိ ယင်းအဖွဲ့၏ လက်ထောက်ညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီး ဟီလာအော့ပန်းက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

အီရတ်ရှိ အမေရိကန်အာဏာပိုင်များက ထူထောင်ထားသည့် အဖွဲ့အစည်းများအတွက် အလုပ်လုပ်ကိုင် ပေးနေသည့် လုံခြုံရေးအစောင့်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် အခြားအီရတ်နိုင်ငံသားများမှာ ပြောက်ကျားတို့၏ တိုက်ခိုက်မှုကို တိုး၍ရင်ဆိုင်နေရသည်။

ရဲတပ်ဖွဲ့ဝင် ၇၀၀၀၀ ခန့်နှင့် အီရတ်မြို့ပြ ကာကွယ်ရေးတပ်ဖွဲ့ဝင် ၂၅၀၀၀ တို့အပါအဝင် အီရတ်လုံခြုံရေး တာဝန်ယူနေသူ အီရတ်နိုင်ငံသား ၂၀၀၀၀၀ ခန့်ရှိနေသည်။

အမ်အင်အေ၊ရိုက်တာ။

အချင်းချင်းမှားပစ်၍ ကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ဘဂ္ဂဒက် မတ် ၂၃

အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးသည် အီရတ်နိုင်ငံ မြောက်ဖျားပိုင်းဒေသတွင် စတင်ကင်းလှည့်လုပ်ငန်း မဆောင်ရွက်မီ တပ်ဖွဲ့ဝင် အချင်းချင်းမှားယွင်းပစ်ခတ်မှုခံရသောကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားကြောင်းဖြင့် အမေရိကန် စစ်ဘက်က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

အမေရိကန် တပ်ဖွဲ့ဝင်များက ဘဂ္ဂဒက်မြို့ မြောက်ပိုင်း ကီလိုမီတာ ၁၁၀ အကွာရှိ ဆမ်မာရာမြို့အနီး ကင်းမလှည့်မီ အချိန်တွင် အစမ်းပစ်ခတ်မှုပြုလုပ်ရာတွင် ဖော်ပြပါတပ်ဖွဲ့ဝင်အား ထိခိုက်ဒဏ်ရာရရှိပြီး သေဆုံးခဲ့ခြင်းဖြစ်သည်ဟု ကြေညာချက်တွင် ပါရှိသည်။

ယင်းဖြစ်ရပ်အား စုံစမ်းစစ်ဆေးဆဲဟုဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အကြမ်းဖက်မှုအန္တရာယ်ကို ဘုရှ်လျစ်လျူရှုခဲ့ဟုစွပ်စွဲ

နယူးယောက် မတ် ၂၃

၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် မတိုင်မီက သမ္မတ ဂျော့ဂျ်၊ ဘုရှ်သည် အကြမ်းဖက်တိုက်ခိုက်မည့် ခြိမ်းခြောက်မှု အန္တရာယ်ကို လျစ်လျူရှုခဲ့သဖြင့် အမေရိကန်နိုင်ငံအား လုံခြုံရေး အားနည်းအောင် ဖန်တီးခဲ့ကြောင်း အိမ်ဖြူရှိ အကြမ်းဖက်ဝါဒ ဆန့်ကျင်နှိမ်နင်းရေး အကြံပေးအရာရှိဟောင်းတစ်ဦးက စွပ်စွဲပြောကြားလိုက်သည်။

လုံခြုံရေး သတင်းဆက်သွယ်မှုကွပ်ကဲရေးအဖွဲ့၏ အကြီးအကဲ တာဝန်ယူခဲ့သူ အကြမ်းဖက်ဝါဒ တန်ပြန်နှိမ်နင်းရေးဆိုင်ရာ သမ္မတဘုရှ်၏ ထိပ်တန်းအရာရှိ ရစ်ချတ်ကလပ်က သမ္မတဘုရှ်သည် အကြမ်းဖက်တိုက်ခိုက်မှု တိုက်ဖျက်ရေးနှင့် ပတ်သက်၍ ကြောက်မက်ဖွယ်ကောင်းသော လုပ်ရပ်တစ်ခုကို ဆောင်ရွက်ခဲ့သည်ဟု မိမိယူဆကြောင်း စီဘီအက်စ် ရုပ်မြင်သံကြားလိုင်း၏ မိနစ် ၆၀ အစီအစဉ်သို့ ပြောကြားခဲ့သည်။ အဆိုပါ တွေ့ဆုံမေးမြန်းခန်း အစီအစဉ်ကို တနင်္ဂနွေနေ့တွင် ထုတ်လွှင့်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်သမ္မတ လေးဦးလက်ထက်တွင် အကြံပေးအရာရှိ တာဝန်ယူခဲ့ဖူးသည့် မစ္စတာကလပ်က လာမည့် သီတင်းပတ်အတွင်း ပုံနှိပ်ထုတ်ဝေရန် စီစဉ်ထားသည့် စာအုပ်တွင် သမ္မတဘုရှ်သည် စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှု မဖြစ်မီအချိန်များ စွာစော၍ အာဖဂန်ရှိ အယ်လ်ခိုင်ဒါ လေ့ကျင့်ရေး သင်တန်းစခန်းကို တိုက်ခိုက်နှိမ်နင်းသင့်ကြောင်း ထင်မြင်ချက်ပေးခဲ့သည်။

ထို့အပြင် ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် မတိုင်မီက သမ္မတဘုရှ်သည် အယ်လ်ခိုင်ဒါတို့အား တုံ့ပြန်မှုတစ်ခုမျှ မဆောင်ရွက်ခဲ့ကြောင်းနှင့် ယင်းနေ့ရက်နောက်ပိုင်း ၎င်း၏ဆောင်ရွက်မှုများသည်လည်း မိမိတို့ လုံခြုံရေး အင်အားနည်းအောင် ဖန်တီးခဲ့ကြောင်း ကလပ်က ထုတ်ဖော်ပြောကြားသည်။

ကလပ်သည် ၎င်း၏ လုံခြုံရေး သတင်းဆက်သွယ်မှု ကွပ်ကဲရေးအဖွဲ့ အကြီးအကဲတာဝန်ကို ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလတွင် စွန့်လွှတ်လိုက်သည့် အချိန်၌ ၎င်း၏ အစိုးရဌာနအမှုထမ်း သက်တမ်းမှာ အနှစ် ၃၀ ရှိပြီဖြစ်သည်။ ထိုသို့ တာဝန်မှ အနားယူခြင်းမှာလည်း ၎င်းထမ်းဆောင်ခဲ့သော ကွပ်ကဲရေးအဖွဲ့ တာဝန်ဝတ္တရားများကို သမ္မတရုံးက အမိမြေလုံခြုံရေးဌာနသို့ လွှဲပြောင်းလိုက်ခြင်းကြောင့်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

မတ် ၂၄ ရက်က ဘဂ္ဂဒက်မြို့ ရှယ်ရတန်ဟိုတယ်အား ရော့ကက်ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကို စုံစမ်းစစ်ဆေးနေသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်စစ်နှင့် ပတ်သက်၍ ဘလဲဆိုးရွားစွာမှားယွင်းခဲ့ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ဝေဖန်

လန်ဒန် မတ် ၂၂

အမေရိကန်ဦးဆောင်သော အီရတ်စစ်ပွဲကို ရှောင်လွှဲနိုင်ခြင်းနှင့် ပတ်သက်၍ ဆိုးရွားသည့်မှားယွင်းမှုများဖြစ်ပေါ်ခဲ့ကြောင်း စွပ်စွဲကာ ယခင်ဗြိတိန်အစိုးရအဖွဲ့ နိုင်ငံခြားရေးဝန်ကြီး လော့ဒ်အိုဝင်က ဝန်ကြီးချုပ်တိုနီဘလဲသည် ဆုံးဖြတ်ချက်ချရာတွင် ပုဂ္ဂိုလ်ရေးဆန်လွန်းကြောင်း ဝေဖန်ပြောကြားလိုက်သည်။

ထို့အပြင်ဘလဲသည် အီရတ်စစ်ပွဲမတိုင်မီ ကျယ်ကျယ်ပြန့်ပြန့် တိုင်ပင်ဆွေးနွေးရေးကိစ္စကို ရှောင်ချယ်သင့်ကြောင်း ဂျီအက်ရုပ်မြင်သံကြား တနင်္ဂနွေအစီအစဉ်သို့ ၎င်းကပြောကြားခဲ့သည်။ အိုဝင်သည် ၁၉၇၇ ခုနှစ် ဖေဖော်ဝါရီမှ ၁၉၇၉ ခုနှစ် မေလအထိ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးတာဝန်ယူခဲ့သည်။

အီရတ်စစ်ပွဲမတိုင်မီ ခြောက်လအတွင်းကာကွယ်ရေးနှင့် နိုင်ငံခြားမူဝါဒ ကော်မတီ အစည်းအဝေး လုံးဝကျင်းပခဲ့ခြင်းမရှိဟု မိမိကြားသိထားကြောင်း၊ ဝန်ကြီးအဖွဲ့ ဝါရင့်ကာကွယ်ရေးတာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ကျယ်ကျယ်ပြန့်ပြန့် တိုင်ပင်ဆွေးနွေးရန် လိုအပ်ကြောင်း အလေးအနက်ဝေဖန် ပြောကြားသည်။

ထို့ပြင် အမေရိကန်တို့က အမှားအယွင်းများပြုလုပ်ခဲ့ပြီး စိုးရိမ်ဖွယ်အမှားအယွင်း ဖြစ်မှုများအတွက် ဗြိတိသျှအစိုးရတွင် တာဝန်ရှိကြောင်း ဗြိတိသျှထောက်လှမ်းရေးအဖွဲ့မှာ အလွန်အကျွံ ချွတ်ယွင်းအားနည်းချက်များရှိခဲ့ကြောင်း ၎င်းကဝေဖန်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ၏ ကျူးကျော်သိမ်းပိုက်မှုအောက်မှ အီရတ်မြင်ကွင်း

ကျူးကျော်စစ်ပွဲတွင် အမေရိကန်တပ်ဖွဲ့ဝင်များ ပြည်နယ်အလိုက်သေဆုံးမှု

အမေရိကန် ပြည်ထောင်စုသည် ကုလသမဂ္ဂ၏ အတည်ပြုထောက်ခံချက်မရရှိဘဲ အင်အားသုံး၍ အီရတ်နိုင်ငံကို ၂၀၀၃ခုနှစ် မတ် ၂၀ရက်နေ့တွင် တစ်ဖက်သတ် ကျူးကျော်ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ ယခုအခါတွင် အမေရိကန်တို့၏ အီရတ်ကျူးကျော်စစ်ပွဲသည် တစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ သို့ရာတွင် အီရတ်ခုခံတိုက်ခိုက်ရေးသမားများ၏ ကြံ့ကြံ့ခံခုခံတိုက်ခိုက်မှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များမှာ နေ့စဉ်ရက်ဆက်ဆိုသလို သေဆုံးနေရသည်။

အမေရိကန်တပ်ဖွဲ့ဝင်များ ပြည်နယ်အလိုက်သေဆုံးမှု ၂၃-၃-၂၀၀၄နေ့အထိ

ပြည်နယ်	အရေအတွက်
အယ်ဘားမား	၁၃
အာရီဇိုးနား	၁၅
အာကင်ဆပ်	၄
ကယ်လီဖိုးနီးယား	၅၆
ကော်လိုရာဒို	၈
ကွန်နက်တီကပ်	၇
ကိုလံဘီယာ	၄
ဒါလာဝဲ	၆
ဖလော်ရီဒါ	၁၈
ဂျော်ဂျီယာ	၁၅
ဟာဝိုင်ယီ	၄
အိုင်ဒါဟို	၆
အီလီနွိုက်စ်	၂၀
အင်ဒီယားနား	၁၈
အိုင်အိုဝါ	၁၀
ကင်းဆပ်	၇
ကင်တပ်ကီ	၆
လူဝီစီယားနား	၈
မိန်း	၅
မက်ဆာချူးဆက်	၉
မေရီလန်း	၇
မီချီဂန်	၂၂
မင်နီဆိုးတား	၄
မစ္စစ္စပီ	၁၀
မစ်ဆူရီ	၁၀
မွန်တားနား	၄
မြောက်ကာရိုလိုင်းနား	၁၄
မြောက်ဒါကိုတာ	၄
နယူးဟမ့်ရှိုင်းယား	၄
နယူးဂျာစီ	၁၃
နယူးမက္ကဆီကို	၂
နယူးယောက်	၂၂
နီဘရာစကာ	၇
နီဗားဒါး	၅
အိုဟိုင်းယိုး	၁၇
အိုကလာဟိုးမား	၉
အော်ရီဂွန်	၉
ပင်ဆယ်ဗေးနီးယား	၃၀
ရိုဒီကျွန်း	၅
တောင်ကာရိုလိုင်းနား	၁၃
တောင်ဒါကိုတာ	၅
တင်နက်ဆီ	၁၃
တက္ကဆက်	၄၃
ယူတား	၅
ဗာဂျီးနီးယား	၁၄
ဗားမောင့်	၆
အနောက်ဗားဂျီးနီးယား	၁၂
ဝါရှင်တန်	၈
ဝစ္စကွန်ဆင်	၁၀
ဝိုင်အိုမင်း	၅
အမေရိကန်ဆာမိုအာ	၃
ပွာတိုရီကို	၈
စုစုပေါင်း	**၅၈၂**



ဒီဇင်ဘာ ၉ ရက်က အီရတ်နိုင်ငံ တာလာဖာမြို့ရှိ အမေရိကန်စစ်စခန်းကို ခုခံတိုက်ခိုက်ရေးသမားများက တိုက်ခိုက်ခဲ့ပြီးနောက် ယင်းစစ်စခန်း၏ ဝင်ပေါက်ဂိတ်တွင် အပျက်အစီး အပိုင်းအစများ ပြန့်ကျဲနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အပေါင်းပါတပ်ဖွဲ့ဌာနချုပ် ဂိတ်ပေါက်တွင် ကားဗုံးပေါက်ကွဲ

ဇန်နဝါရီ ၁၈ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိ အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့ ဌာနချုပ်၏ ဂိတ်ပေါက်တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များက ပျက်စီးသွားသော မော်တော်ယာဉ်များကို ကြည့်ရှုစစ်ဆေးနေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကြေးမုံ The Mirror
အီရတ်စစ်ပွဲ မှတ်တမ်းများ

နိုဝင်ဘာ ၃ ရက်က အီရတ်တွင် ရဟတ်ယာဉ်ပစ်ချခံရသဖြင့် ဒဏ်ရာရရှိသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို ဂျာမနီနိုင်ငံ ရမ်းစတိန်းလေတပ်စခန်းတွင် စီ ၁၇ လေယာဉ်ပေါ်မှနေ၍ လူနာတင်ကားပေါ်သို့ထမ်းစင်ဖြင့် သယ်ဆောင်နေကြသည့် အမေရိကန်လေတပ် ဆေးအမှုထမ်းများအားတွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့အကျိုးစီးပွားကို ထာဝစဉ်သယ်ပိုးဆောင်ရွက်နေသည့် တပ်မတော်

(၅၉)နှစ်မြောက် တပ်မတော်နေ့

အကြို ဂုဏ်ပြု ဓာတ်ပုံ မှတ်တမ်း

တပ်မတော်နှင့်ပြည်သူ ပူးပေါင်းဖောက်လုပ်ခဲ့သည့် ရွှေညောင်–နမ့်စန်ရထားလမ်းပေါ်မှ လမ်းပိုင်းများ

စဉ်	လမ်းပိုင်း	အရှည်မိုင်	ဖွင့်လှစ်သည့်ရက်
၁။	ရွှေညောင်–တောင်ကြီး	၂၀.၈၁မိုင်	၂၄–၁၂–၉၇
၂။	တောင်ကြီး–ဖာမွန်း	၆.၂ မိုင်	၂၇–၇–၉၆
၃။	ဖာမွန်း–ဘန်းယဉ်	၂၇.၄၂မိုင်	၄–၆–၉၆
၄။	ဘန်းယဉ်–ဆိုက်ခေါင်	၇.၆၃မိုင်	၃၀–၄–၂၀၀၁
၅။	ဆိုက်ခေါင်–ပြင်သာယာ	၁၆.၈ မိုင်	၂၇–၃–၂၀၀၃
၆။	နမ့်စန်–မိုင်းစိတ်	၁၉.၁၉မိုင်	၂၁–၇–၂၀၀၂
၇။	မိုင်းစိတ်–ကောင်ဆိုင်း	၁၀.၂၃မိုင်	၂၀–၃–၂၀၀၄
၈။	ပြင်သာယာ–ထီရိ	၄.၃ မိုင်	၂၁–၃–၂၀၀၄

ဂုဏ်ပြုဖွင့်လှစ်

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တပ်မတော်နှင့်ပြည်သူ ပူးပေါင်းဖောက်လုပ်ခဲ့သော ရှမ်းပြည်နယ်(တောင်ပိုင်း) ရွှေညောင်–နမ့်စန် ရထားလမ်းရှိ မိုင်းစိတ်–ကောင်ဆိုင်း ရထားလမ်းပိုင်း ဖွင့်ပွဲကို မတ် ၂၀ ရက်က ကျင်းပစဉ်။ (အပေါ်ပုံ)နှင့် ပြင်သာယာ–ထီရိ ရထားလမ်းပိုင်း ဖွင့်ပွဲကို မတ် ၂၁ရက်က ကျင်းပစဉ်။ (ဝဲပုံ)

ခေတ်အဆက်ဆက် ပြည်သူ့အတွက် တပ်မတော်

ယနေ့အချိန်အခါသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် နိုင်ငံတော်၏ ဦးဆောင်မှုဖြင့် ပြည်သူနှင့် တပ်မတော်က ရဲရင့်ပြတ်သားစွာ ဆင်နွှဲနေသော ကာလဖြစ်သည်ဟု ရိုးရှင်းစွာ နားလည်ခံယူထားသည်။

တစ်နည်းအားဖြင့် အမျိုးသားနိုင်ငံရေး၏ ဖြစ်ပေါ်ပြောင်းလဲတိုးတက်လာသော သမိုင်းစဉ်တရားနှင့်အညီ နိုင်ငံတော်က ချမှတ်ခံယူကျင့်သုံးနေသော အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကိုလည်းကောင်း၊ လက်တွေ့ ပြည်သူ့ဘဝနယ်ပယ်သစ်၏ အလုပ်လမ်းညွှန်ဖြစ်သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၁၂)ရပ်ကိုလည်းကောင်း ပြည်သူနှင့်တပ်မတော်တို့သည် မမိုတ်မသုံ ယုံကြည်စွာ ခံယူကျင့်သုံးပြီး တက်ကြွစွာ ဆင်နွှဲလျက်ရှိသည်မှာ အမှန်ပင်ဖြစ်သည်။

ထို့ကြောင့်လည်း မျက်မှောက် မြန်မာနိုင်ငံတော်၏ သမိုင်းခေတ်တွင် အနာဂတ် ဒီမိုကရေစီနိုင်ငံတော်အတွက် အခြေခံကောင်းများအဖြစ် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းလာခြင်း၊ စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ လူမှုရေးအရ မြင့်မားလာခြင်းစသော အခြေအနေကောင်း၊ အလားအလာကောင်းများကို ရရှိလာခဲ့ပြီဖြစ်သည်။

ယင်း အခြေအနေအရပ်ရပ်သည် နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် တိုင်းရင်းသားပြည်သူတို့နှင့် တပ်မတော်၏ ကျစ်လျစ်သိပ်သည်းခိုင်မာသော ညီညွတ်မှုက အတည်ပြုပြဋ္ဌာန်းလိုက်သည့် အကျိုးဆက်တရားပင်ဖြစ်သည်။ ဤသည်ကို နိုင်ငံတကာနယ်ချဲ့ကိုလိုနီလက်သစ်များနှင့် ယင်းတို့၏ သြဇာခံပြည်တွင်းပြည်ပဖောက်ပြန်ရေးသမား အဖျက်အင်အားစုများက မျက်စိမိုတ်ငြင်းဆန်လျက် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူတို့၏ အကျိုးစီးပွားပျက်စီးရေးနှင့် နိုင်ငံတကာနယ်ချဲ့အုပ်စု၏ အခြွေအရံ၊ သြဇာခံနိုင်ငံတစ်နိုင်ငံ ဖြစ်ရေးကို ရှေးရှုပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးအရ ဘက်ပေါင်းစုံမှ အဖျက်လုပ်ငန်းများဖြင့် ဖျက်ဆီးရန် ကြိုးပမ်းခဲ့ကြသည်။ ကြိုးပမ်းနေဆဲလည်းဖြစ်သည်။

သို့သော်လည်း မျက်မှောက် မြန်မာနိုင်ငံ၏ သမိုင်းခေတ်သည် ယင်းဖောက်ပြန်ရေးသမား ပြည်တွင်းပြည်ပ နယ်ချဲ့သြဇာခံအဖျက်သမားတို့၏ အဖျက်လုပ်ကြံမှုများကို ပြည်သူတို့က ဆန့်ကျင်ဖယ်ရှားပြီး မိမိတို့၏ ပြည်တွင်းအင်အားဖြင့် နိုင်ငံတော်တည်ဆောက်ရေးတာဝန်များကိုကျေပွန်စွာထမ်းဆောင်နေကြသည်မှာ ပကတိအရှိတရားဖြစ်သည်။

ဤသို့အားဖြင့် မြန်မာနိုင်ငံ၏ အမျိုးသားနိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲတိုးတက်မှု အရှိန်အဟုန်သည် ပို၍မြင့်မားလာခဲ့သည်။ အနာဂတ်နိုင်ငံတော်သစ်ကြီး ရှင်သန်ဖြစ်တည်လာရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ခင်းကျင်းခဲ့သည်။ ဤသည်မှာ မည်သည့် အင်အားကြီးနိုင်ငံတို့၏ ကျူးကျော်စွက်ဖက်ဖိအားပေးမှုကိုမျှ ကြောက်ရွံ့စိုးရိမ်၍ မဟုတ်ဘဲ နိုင်ငံတော်၏ မူလပန်းတိုင်ဖြစ်သော ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးကို ဦးတည်ကြိုးပမ်းခြင်းပင်ဖြစ်သည်။

နိုင်ငံတော်တစ်ဝန်း တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ ထောက်ခံကြိုဆိုသော လူထုအစည်းအဝေးကြီးများ ကျင်းပခဲ့သည်။ နိုင်ငံတကာနယ်ပယ်တွင်လည်း နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အား မြန်မာနိုင်ငံ၏ ဒီမိုကရေစီလမ်းပြမြေပုံအဖြစ် ထောက်ခံကြိုဆိုမှုများ၊ လေ့လာမှုများ ရှိနေခဲ့သည်။ ဤတွင် ပြည်တွင်း ပြည်ပရှိ နယ်ချဲ့သြဇာခံ ဖောက်ပြန်ရေးသမားအဖျက်ဂိုဏ်းသားများသည် သွေးရူးသွေးတန်း၊ ဆင်ကန်းတောတိုးဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီလမ်းပြမြေပုံကို အခြေအမြစ်မဲ့စွာလုပ်ကြံပုတ်ခတ်လာခဲ့ကြသည်။ မရေရာသော၊ စိတ္တဇဆန်သောအကြောင်းပြချက်များဖြင့် လိုရာကိုပုံဖော်ကောက်ချက်ဆွဲ၍ မြန်မာနိုင်ငံ၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ပျက်စီးစေရန် လုပ်ကြံဖျက်ဆီးလျက်ရှိသည်။ ဤသည်မှာ ယင်းတို့၏ ဇာတိရုပ်ကို ဖုံးကွယ်၍ မရတော့အောင်အထိ မျက်နှာပြောင်စွာ ဒီမိုကရေစီရေးထက် အာဏာရရေးအတွက် ရှေ့တန်းတင်လာသည့် သဘောထားများနှင့် အပြောစကားများက သက်သေပြလာခြင်း ဖြစ်သည်။

မည်သို့ဆိုစေ နိုင်ငံတော်၏ အနာဂတ်ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ်အရ ပထမအဆင့်တွင် ၁၉၉၆ခုနှစ်ကစတင်၍ ယာယီအားဖြင့် ဆိုင်းငံ့ထားလျက်ရှိသော အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပမည်ဖြစ်ပြီး ဒုတိယအဆင့်အဖြစ် ယင်းညီလာခံကြီးအောင်မြင်စွာ ကျင်းပပြီးစီးရှင်သန်နေသော နိုင်ငံရေး၊စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများကလည်း ဖြောင့်ဖြူးသောလမ်းကြောင်းများအဖြစ် ဖွင့်လှစ်ကြိုဆိုနေခဲ့ကြပြီဖြစ်သည်။

စင်စစ်အမျိုးသားညီလာခံဆိုသည်မှာ တစ်မျိုးသားလုံး၏ အနာဂတ်အကျိုးစီးပွားကို သယ်ပိုးထမ်းဆောင်ကြမည့် နိုင်ငံရေးပါတီများ၊ လူထုလူတန်းစားအလိုက် အလွှာလိုက် ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ စုညီစွာ ညှိနှိုင်းဆွေးနွေးပြီး အနာဂတ်နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် နိုင်ငံတော်၏ အုပ်ချုပ်ရေး၊တရားဥပဒေပြုရေး၊ တရားစီရင်ရေးဟူသော မဏ္ဍိုင်ကြီးသုံးရပ်ကို ပုံကြမ်းလောင်းခြင်းပင်ဖြစ်သည်။ တစ်နည်းအားဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရန် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၊ တစ်မျိုးသားလုံး၏ ကိုယ်စားပြုသော ဒီမိုကရေစီစံနှုန်းလည်းဖြစ်သည်။ ဒီမိုကရေစီဆိုသည်မှာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်(သို့မဟုတ်)ပါတီအဖွဲ့ အစည်းတစ်ခုသြဇာအာဏာဖြင့်သတ်မှတ်၍မရနိုင်သောတိုင်းရင်းသားပြည်သူတစ်ရပ်လုံး တစ်မျိုးသားလုံး၏ ဆန္ဒကိုအခြေခံခြင်းဖြင့် ဒီမိုကရေစီ၏ အနှစ်သာရကို ဖော်ဆောင်ရမည်ဖြစ်သည်။

အမျိုးသားနိုင်ငံရေး၏ သမိုင်းပေး

ကြယ်ဖြူ

သည့်အခါတွင် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ဖြစ်ထွန်းရေးအတွက် လိုအပ်သော ဆောင်ရွက်ဖွယ်ရာ လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီး တစ်ဆင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။ ယင်းနောက်တတိယအဆင့်တွင် အမျိုးသားညီလာခံကြီးက ချမှတ်ပေးသော အခြေခံရမည့်မူများနှင့် အသေးစိတ် အခြေခံရမည့်မူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲ၍ စတုတ္ထအဆင့်တွင် ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီး အတည်ပြုချက်ရယူမည်ဖြစ်သည်။ ယင်းနောက် ပဉ္စမအဆင့်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ လွှတ်တော်များဖွဲ့စည်းရေးအတွက် တရားမျှတသော ရွေးကောက်ပွဲများကျင်းပပြီး ဆဋ္ဌမအဆင့်အရ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်အစည်းအဝေးကျင်းပမည်။ သတ္တမအဆင့်တွင် လွှတ်တော်မှ ရွေးကောက်တင်မြှောက်သော နိုင်ငံတော်အကြီးအကဲများနှင့် လွှတ်တော် ဖွဲ့စည်းပေးသော အစိုးရအဖွဲ့နှင့် အာဏာပိုင်အဖွဲ့အစည်းများဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်မည်ဖြစ်သည်။

ဤသို့လျှင် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် လက်တွေ့ဘဝနယ်ပယ်တွင် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် နိုင်ငံနှင့်အဝန်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက စည်းရုံးလှုပ်ရှားလျက်ရှိနေပြီဖြစ်သည်။ နိုင်ငံတော်၏ ပကတိဖြစ်တည်

ယင်းအပြင် အမျိုးသားညီလာခံကြီးကို အောင်မြင်စွာကျင်းပပြီးသည်နှင့်ရည်မှန်းပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ဖြစ်ထွန်းရေးအတွက် လိုအပ်သော ဆောင်ရွက်ဖွယ်ရာလုပ်ငန်းများကို အဆင့်ဆင့်ဆောင်ရွက်ရမည်မှာလည်း ရှေ့လုပ်ငန်းများ အောင်မြင်ရေးကိုရှေးရှုပြီး စနစ်တကျပြင်ဆင်ခြင်းဖြစ်သည်။ မြန်မာမှုဆိုထုံးစကားအရ အစကောင်းမှ အနှောင်းသေချာမည်ဖြစ်သည်။

ဤသို့လျှင် စနစ်တကျ ပြင်ဆင်ပြီးသည်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အမျိုးသားညီလာခံကြီးကချမှတ်ပေးသော အခြေခံမူများ၊ အသေးစိတ်အခြေခံမူများနှင့်အညီရေးဆွဲခြင်းသည် တိုင်းရင်းသားပြည်သူတရပ်လုံး တစ်မျိုးသားလုံး၏ အခြေခံဆန္ဒကိုထင်ဟပ်ခြင်း၊ အကောင်အထည်ဖော်ခြင်းဖြစ်သကဲ့သို့ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပြီး အတည်ပြုခြင်းသည်လည်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကြွင်းမဲ့အာဏာပိုင်စိုးခွင့်ကို နိုင်ငံတော်က အတည်ပြုခြင်းဖြစ်သည်။ ဆိုလိုသည်မှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူတို့၏ ဒီမိုကရေစီပိုင်ခွင့်ကို

(၅၉)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးတည်ဆောက်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အား ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကြီးများကို ပြည်နယ်နှင့်တိုင်းအသီးသီး၌ ဤသို့ကျင်းပခဲ့သည်။



ားရေး၊ လူမှုရေးအခြေခံ
ဖြိုးသောလမ်းကြောင်း
ခဲ့ကြပြီဖြစ်သည်။
ခံဆိုသည်မှာ တစ်မျိုး
မျိုးစီးပွားကို သယ်ပိုး
ရေးပါတီများ၊ လူထု
က် ကိုယ်စားလှယ်များ၊
များ စုံညီစွာ ညှိနှိုင်း
တော်သစ် တည်ဆောက်
အုပ်ချုပ်ရေး၊တရား
ရေးဟူသော မဏ္ဍိုင်ကြီး
ပင်ဖြစ်သည်။ တစ်နည်း
ပုံအခြေခံဥပဒေရေးဆွဲ
သူတစ်ရပ်လုံး၊ တစ်မျိုး
 ဒီမိုကရေစီစံနှုန်းလည်း
ည်မှာ လူပုဂ္ဂိုလ်တစ်ဦး
တီအဖွဲ့ အစည်းတစ်ခု
ရနိုင်သောတိုင်းရင်းသား
မျိုးသားလုံး၏ ဆန္ဒကို
စီ၏ အနှစ်သာရကို

လည်း ကိုယ်စားပြုသည့် နိုင်ငံတော်၏ အချုပ်အခြာအာဏာလည်းဖြစ်ရာ နိုင်ငံတော်အာဏာသည် ပြည်သူတို့ထံမှဆင်းသက်ရမည်ဟူသော ဒီမိုကရေစီပြဋ္ဌာန်းချက်အားခံယူကျင့်သုံးခြင်းပင်ဖြစ်သည်။ ဆိုရလျှင် ပါလီမန်ဒီမိုကရေစီ အစိုးရအဆက်ဆက်တို့သည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအားချိုးဖောက်ခဲ့ခြင်း

...၏ သမိုင်းပေးတာဝန်

နိုင်ငံတော် အကြီးအကဲများနှင့် လွှတ်တော်မှဖွဲ့စည်းပေးသော အစိုးရအဖွဲ့နှင့် အာဏာပိုင်အဖွဲ့အစည်းများဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ခြင်းဖြင့် အသွင်သဏ္ဌာန်အရသော်လည်းကောင်း၊ အနှစ်သာရအရသော်လည်းကောင်း ပြည့်စုံသည့် ဒီမိုကရေစီကျင့်ထုံးပင်ဖြစ်သည်။

အမှန်အားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေမရှိဘဲ လွှတ်တော်အစည်းအဝေးကျင်းပ၍ မဖြစ်သကဲ့သို့ နိုင်ငံတော်ကို တာဝန်ယူဦးဆောင်မည့်အစိုးရ အဖွဲ့အစည်းကိုဖွဲ့စည်း၍မရနိုင်ပေ။ ဤသည်မှာ နိုင်ငံရေးပါတီတိုင်း၊ နိုင်ငံရေးခေါင်းဆောင်တိုင်း သဘာဝကျစွာ လက်ခံကျင့်သုံးရမည့် ဒီမိုကရေစီကျင့်ဝတ်ပင်

မျိုးသားညီလာခံကြီးကို
င့်ရည်မှန်းပြီး စည်းကမ်း
် ဖြစ်ထွန်းရေးအတွက်
ဖွယ်ရာလုပ်ငန်းများကို
ာလည်း ရှေ့လုပ်ငန်းများ
နစ်တကျပြင်ဆင်ခြင်း
ားအရ အစကောင်းမှ
ည်။
 ပြင်ဆင်ပြီးသည်နှင့်
းကို အမျိုးသားညီလာခံ
ခြခံမှုများ၊ အသေးစိတ်
င်းသည် တိုင်းရင်းသား
းလုံး၏ အခြေခံဆန္ဒကို
ည်ဖော်ခြင်းဖြစ်သကဲ့သို့
ခြေခံဥပဒေမူကြမ်းကို
င်းပပြီး အတည်ပြုခြင်း
းပြည်သူတစ်ရပ်လုံး၏
 နိုင်ငံတော်က အတည်
မှာ နိုင်ငံတော်ဖွဲ့စည်းပုံ
၏ ဒီမိုကရေစီပိုင်ခွင့်ကို

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို လူထုအစည်းအဝေးကြီးများ၌ ဤကဲ့သို့ လှိုက်လှိုက်လှဲလှဲထောက်ခံခဲ့ကြသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအား မလိုတစ်မျိုး၊ လိုတစ်မျိုး မျှော်ကိုးသဖွယ်ကျင့်သုံးခဲ့ခြင်းဖြင့် ဒီမိုကရေစီပြဋ္ဌာန်းချက်အား ကျောခိုင်းပစ်ပယ်ခဲ့ခြင်း၏ အကျိုးဆက်အဖြစ် ပါလီမန်ဒီမိုကရေစီဆိုသည်မှာ အမည်ဝေါဟာရပညတ်သဘောသာရှိခဲ့ပြီးပြည်သူတို့၏ ဘဝမှာ နီးရာဓားကိုကြောက်ရနေရသကဲ့သို့ ဒီမိုကရေစီပိုင်ခွင့်များဆုံးရှုံးခဲ့ကြရသည်။ နိုင်ငံတည်ငြိမ်အေးချမ်းမှု မရှိဘဲနောက်ဆုံးတွင် ပါလီမန်ဒီမိုကရေစီ အစိုးရအဆက်ဆက်သည်လည်း ပျက်စီးခဲ့သည်။ ဤသည်တို့မှာ သမိုင်းကပေးခဲ့သော သင်ခန်းစာပင်ဖြစ်သည်။

ယင်းဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ လွှတ်တော်များဖွဲ့စည်းရေးအတွက် တရားမျှတသော ရွေးကောက်ပွဲများကျင်းပပြီး ရွေးကောက်ပွဲတွင် အရွေးခံရသော ကိုယ်စားလှယ်များဖြင့် လွှတ်တော်အစည်းအဝေးများ ကျင်းပ၍ လွှတ်တော်မှရွေးကောက်တင်မြှောက်သော

ဖြစ်သည်။ မျက်မှောက်မြန်မာနိုင်ငံတော်၏ မျက်မှောက်သမိုင်းခေတ်သည် ယိမ်းယိုင်ပျက်စီးလာသော နိုင်ငံတော်၏ အခြေအနေများဖြင့် တည်ဆဲအစိုးရက နိုင်ငံတော်ကို တာဝန်ယူဦးဆောင်နိုင်ခြင်းမရှိဘဲ မင်းမဲ့နိုင်ငံသဖွယ်ဖြစ်လာသဖြင့် အမျိုးသားနိုင်ငံရေး အင်အားစုကြီးဖြစ်သော တပ်မတော်သည် လှည်းကျိုးထမ်းရသောဘဝ၊ လှေကွဲစီးရသော အဖြစ်တို့နှင့်တူစွာ

နိုင်ငံတော်ကို တာဝန်ယူဦးဆောင်ခဲ့ရပြီး ပြည်သူတို့လိုလားသော ဒီမိုကရေစီဆန္ဒနှင့်အညီ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် ပြည်သူတို့နှင့်အတူ ဆင်နွှဲခြင်းဖြစ်သည်။ စင်စစ် တပ်မတော်အစိုးရသည် အသွင်သဏ္ဌာန်အရ စစ်အစိုးရဖြစ်သော်လည်း အနှစ်သာရအရ အမျိုးသားနိုင်ငံရေး အစိုးရဖြစ်သည်။

အကြောင်းမူ တပ်မတော်အစိုးရသည် စစ်အစိုးရဖြစ်သော်လည်း မာရှယ်လော(စစ်ဥပဒေ)ဖြင့် မအုပ်ချုပ်ဘဲ မြို့ပြအုပ်ချုပ်ရေးစနစ်ကိုကျင့်သုံးသကဲ့သို့ တရားစီရင်ရေးတွင်လည်း မြို့နယ်၊ ခရိုင်၊ တိုင်း၊ ဗဟိုတရားရုံးများဖြင့် တရားဥပဒေကျင့်ထုံးများ၊ ဥပဒေများ၊ နည်းဥပဒေများနှင့်အညီ တရားစီရင်စေခဲ့သည်။ လိုအပ်လာပါက ဥပဒေကဲ့သို့ အာဏာတည်စေသော အမိန့်များကြေညာချက်များ ထုတ်ပြန်ပေးခဲ့သည်။ အမိန့်ဥပဒေများ၊ နည်းဥပဒေများ ပြဋ္ဌာန်းပေးခဲ့သည်။ တရားဥပဒေမဲ့စွာ ဆောင်ရွက်ခြင်းမရှိခဲ့ပေ။ အလားတူပင် မြို့ပြအုပ်ချုပ်ရေးများတွင်လည်း ဒီမိုကရေစီအလေ့အကျင့်ဖြစ်စေရန် ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်နှင့် တိုင်းများတွင် အုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့စည်းပြီး အုပ်ချုပ် စီမံစေခဲ့သည်။ ယင်းအခြေအနေများသည် စစ်အစိုးရဖြစ်သော်လည်း အမည်သာရှိပြီး လက်တွေ့တွင် ဒီမိုကရေစီဆန်သော အုပ်ချုပ်ရေးကို ကျင့်သုံးနေသော အရပ်သားအစိုးရနှင့် ခြားနားခြင်းမရှိပေ။ ထို့ကြောင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် နိုင်ငံတော်သစ်တည်ဆောက်နိုင်ရန် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး ဆောင်ရွက် အကောင်အထည်ဖော်နေခြင်းဖြစ်သည်။ တပ်မတော်သည် မည်သည့်ကာလတွင်မျှ အပြောသမားမဟုတ်ဘဲ လက်တွေ့သမားဖြစ်၍လည်း ဒီမိုကရေစီစကားကို များများမပြောဘဲ ဒီမိုကရေစီ ဖြစ်ထွန်းရေးအလုပ်များကိုသာ နေ့မအား၊ ညမနားဘဲ ကြိုးပမ်းဆောင်ရွက်နေခဲ့သည်။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကြီးများသို့ တိုင်းရင်းသားပြည်သူများ ဤသို့တက်ရောက်ခဲ့ကြသည်။

ဆိုရလျှင် တပ်မတော်သည် ပါလီမန်ဒီမိုကရေစီစနစ် ရှင်သန်ဖြစ်ထွန်းရေးအတွက် ပါလီမန်ဒီမိုကရေစီ အစိုးရအဆက်ဆက်၏ နိုင်ငံရေး၊ စစ်ရေးအကျပ်အတည်းများကို တာဝန်ယူဖြေရှင်းပေးသကဲ့သို့ ပါလီမန်ဒီမိုကရေစီစနစ်ပြိုကျမည့် အခြေအနေတွင်လည်း နိုင်ငံတော်၏မူလလမ်းကြောင်း ဖြစ်သော ဆိုရှယ်လစ်နိုင်ငံတည်ဆောက်ရေးအတွက်ဆိုရှယ်လစ်ဒီမိုကရေစီကို လမ်းကြောင်းပေးခဲ့သည်။ ဆိုရှယ်လစ်ဒီမိုကရေစီကို လက်ဆင့်ကမ်းတာဝန်ယူခဲ့သော လမ်းစဉ်ပါတီအစိုးရ၏ အထွေထွေအားနည်းချက်များနှင့် နိုင်ငံတကာနိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုများအရ ဆိုရှယ်လစ် ဒီမိုကရေစီပြိုလဲသွားသောကာလတွင်လည်း ပြည်သူတို့လိုလားသော စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးအတွက် ကြိုးပမ်း အကောင်အထည်ဖော်လျက်ရှိသည်။

ချုပ်၍ဆိုရလျှင် တပ်မတော်သည် အနာဂတ်ကာလတွင် အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်တည်ရှင်သန်လာရေးအတွက် (၅၉)နှစ်မြောက် တပ်မတော်နေ့အကြိုကာလတွင်–

- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊**
- **နိုင်ငံတော်တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ပြည်ပအဖျက်သမားများကိုပြည်သူ့စစ်မဟာဗျူဟာဖြင့်ချေမှုန်းရေး၊**
- **နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊**
- **ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး၊**

ဟူသော ဦးတည်ချက်များ ချမှတ်ပြီး ယင်းဦးတည်ချက်များအား မျက်မှောက်မြန်မာနိုင်ငံ၏ သမိုင်းခေတ်က ပေးအပ်သော **အမျိုးသားနိုင်ငံရေး၏ သမိုင်းပေးတာဝန်**အဖြစ်၊ ကျေပွန်စွာ ထမ်းဆောင်ခြင်းဖြင့် တပ်မတော်၏ အမျိုးသားနိုင်ငံရေး အဖွဲ့အစည်းအစဉ်အလာနှင့် ဂုဏ်သိက္ခာကို အစဉ်ထာဝရ ထိန်းသိမ်းကာကွယ် စောင့်ရှောက်နေမည်မှာ မလွဲကေန် အမှန်တရားပင်ဖြစ်သည်ဟူ၍ အလေးအနက် ရေးသားလိုက်ပါသည်။ ။

မုံရွာစက်မှုဇုန်သည် ဒေသအခြေအနေအရ ရှေ့သို့ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများရှိ သွင်းကုန်အစားထိုးနှင့် လယ်ယာသုံးစက်ပစ္စည်းထုတ် စက်မှုလုပ်ငန်းများ ပိုမိုအောင်မြင်အောင်လုပ်ကိုင် စက်မှုဇုန် အဆင့်မြင့်တိုးတက်ရေးလုပ်ငန်းများကို ရဲရဲတင်းတင်း မှန်မှန်ကန်ကန်ဆောင်ရွက်

ရန်ကုန် မတ် ၂၅

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် မတ် ၂၁ ရက် နံနက် ၉ နာရီခွဲတွင် စစ်ကိုင်းတိုင်း မုံရွာမြို့ မုံရွာစက်မှုဇုန် အစည်းအဝေးခန်းမ၌ မုံရွာစက်မှုဇုန်မှ စက်မှုလက်မှုလုပ်ငန်းရှင်များအား တွေ့ဆုံမှာကြားသည်။

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များ စစ်ကိုင်းတိုင်း မုံရွာမြို့ မုံရွာစက်မှုဇုန်ပြခန်းတွင် ခင်းကျင်းစီစဉ်ပြသထားသည့် မော်တော်ယာဉ်တို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တွေ့ဆုံပွဲတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အစိုးရအဖွဲ့ – အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ စစ်ကိုင်းတိုင်းမှ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မုံရွာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဝင်များ၊ မုံရွာစက်မှုဇုန်မှ စက်မှုလက်မှုလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲတွင် ရှေးဦးစွာ မုံရွာစက်မှုဇုန်တာဝန်ခံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက မုံရွာစက်မှုဇုန်တွင် စက်မှုလက်မှုလုပ်ငန်းရှင်များအား နေရာချထားပေးမှု၊ စက်မှုဇုန်အတွင်း လမ်းကောင်းမွန်ရေး၊ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးမှု၊ စက်မှုဇုန်မှ မော်တော်ယာဉ်ငယ် အမျိုးမျိုး ထုတ်လုပ်နိုင်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက မုံရွာစက်မှုဇုန်လုံခြုံရေး၊ လျှပ်စစ်ဓာတ်အား ပိုမိုရရှိရေး ဆောင်ရွက်ပေးမှုများ၊ အော်တိုတယ်လီဖုန်း တပ်ဆင်ပေးခဲ့မှုများ၊ မီးဘေးကာကွယ်ရေး ဆောင်ရွက်ချက်များ၊ နိုင်ငံတော်၏ ပံ့ပိုးကူညီမှုဖြင့် သံရည်ကျိုစက်ရုံ၊ စက်ပစ္စည်းစက်ရုံနှင့် ပုံဖိစက်စက်ရုံ တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေမှုများ၊ စက်မှုပိုင်းဆိုင်ရာ နည်းပညာ တိုးတက်ရရှိရေး ကိစ္စများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မုံရွာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးမြတ်ဖော်က မုံရွာစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များနှင့် လျှပ်စစ်ဓာတ်အား တိုးမြှင့်ရရှိရေး ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြရာ တိုင်းလျှပ်စစ်အင်ဂျင်နီယာ ဦးစိန်ဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက လိုအပ်သည်များကို ထပ်မံမေးမြန်း ညှိနှိုင်းမှာကြားရာတွင် မုံရွာစက်မှုဇုန်သည် ဒေသအခြေအနေအရ ရှေ့သို့ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများရှိသည့် စက်မှုဇုန်ဖြစ်သည့်အတွက် နိုင်ငံတော်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးလျက်ရှိကြောင်း။

မုံရွာစက်မှုဇုန်ရှိ စက်ရုံအလုပ်ရုံများ၌ လက်ရှိ တပ်ဆင်ထားသော စက်အင်အားများကို အပြည့်အဝလည်ပတ် ထုတ်လုပ်နိုင်ရန်လည်းလိုကြောင်း၊ နိုင်ငံတော်၏ ပံ့ပိုးကူညီမှုဖြင့် ထုထောင်မည့် သံရည်ကျို၊ ပုံဖိ၊ ပုံလောင်းစက်ရုံများကို အမြန်ဆုံး ထူထောင်ပြီး အကျိုးရှိရှိ အသုံးချနိုင်အောင် လိုအပ်သည်များကို ကြိုတင်စီမံထားရန်လိုကြောင်း။

ယင်းသံထည်လုပ်ငန်း အခြေခံ ထူထောင်ပြီးပါက ပုဂ္ဂလိကများ၏ စက်မှုလုပ်ငန်းသည် ပိုမိုအဆင့်မြင့်တိုးတက်သွားမှာဖြစ်ရာ သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းများ၊ လယ်ယာသုံး စက်ကိရိယာပစ္စည်း ထုတ်လုပ်သော စက်မှုလုပ်ငန်းများ ပိုမိုဖြစ်ထွန်းအောင်မြင်အောင် လုပ်ကိုင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့ပြင် စက်မှုဇုန်၌ သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်း (Research & Development) ကိုလည်း ယခုကတည်းက စတင်ပြင်ဆင် ဆောင်ရွက်ထားကြရမှာဖြစ်ကြောင်း၊ စက်မှုဇုန်အဆင့်မြင့် တိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ် ရဲရဲတင်းတင်း၊ မှန်မှန်ကန်ကန် သမာဓိရှိရှိ ဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်းဖြင့် မှာကြားပြီး စက်မှုလက်မှုလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မုံရွာစက်မှုဇုန်ပြခန်းတွင် ခင်းကျင်းစီစဉ် ပြသထားသည့် စက်မှုဇုန်ထုတ် မော်တော်ယာဉ်ငယ် အမျိုးမျိုး၊ ရေယာဉ်ပန်ကာအမျိုးမျိုးနှင့် အမြန်ရေယာဉ်၊ လယ်ယာလုပ်ငန်းသုံး စက်ကိရိယာ အမျိုးမျိုး၊ စားသောက်ကုန် အမျိုးမျိုးတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် တိုင်းရင်းဆေး ထုတ်လုပ်ထားမှုများကိုလည်းကောင်း၊ ဆိုင်ကယ်ဘေးတွဲယာဉ် ထုတ်လုပ်ထားမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးအားပေးကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မုံရွာမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ရွှေပြည်အေးကျောင်းဆောင်သစ်ဖွင့်ပွဲတွင် စာသင်ခန်းများကို ကြည့်ရှု စစ်ဆေးစဉ်။ (သတင်းစဉ်)

ကျောင်းဆောင်သစ်ဖွင့်ပွဲ

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မုံရွာမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည့် ရွှေပြည်အေး ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အားပေးကြသည်။

ရွှေပြည်အေး ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ စစ်ကိုင်းတိုင်းမှ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ မိဘပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်စိန်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဌေးမြင့်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင် ဒေါက်တာ ဉာဏ်လင်းတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ရွှေပြည်အေး ကျောင်းဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ်ရှိ e-Education Learning Centre၊ Computer Aided Instruction Room၊ Computer Room၊ Listening and Reading Room တို့ကို လှည့်လည်ပြီး ဆရာ၊ ဆရာမများ၏ သင်ကြားပြသမှုနှင့်ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူတတ်မြောက်မှုတို့ကို ကြည့်ရှုစစ်ဆေး အားပေးကြသည်။

ဆက်လက်၍ဂီတရသခန်း၊ ကျောင်းအခြေပြု HIV/AIDS ကာကွယ်တားဆီးရေးပြခန်း၊ အိမ်တွင်းမှုပြခန်း၊ မြန်မာစာ ပြခန်းတို့ကိုလည်း ကြည့်ရှုစစ်ဆေးအားပေးကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ☆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကျောက်ဆည်မြို့နယ် အင်းကုန်းရှိ မြန်မာ့လယ်ယာ သုံးစက်ကိရိယာစက်ရုံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း

ကျောက်ဆည်မြို့နယ်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာနစက်ရုံများနှင့် အင်းကုန်းရှိ မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ မတ် ၂၂ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန စက်ရုံများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ဘိလပ်မြေစက်ရုံ(ကျောက်ဆည်) ရှင်းလင်းဆောင်၌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဝင်းက ကျောက်ဆည်မြို့နယ်၌ စက်ရုံများတည်ဆောက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက်ဘိလပ်မြေစက်ရုံ၊သကြားလုံးစက်ရုံ၊ စွပ်ကျယ်စက်ရုံ၊ ဖိနပ်စက်ရုံ၊ အပ်ချုပ်စက်စက်ရုံ၊စက်ဘီးစက်ရုံ၊ ပလတ်စတစ်စက်ရုံ စက်ရုံမှူးများက စက်ရုံများ တည်ဆောက်ပြီးစီးမှု၊ စက်ရုံအလိုက် စက်များတပ်ဆင်ထားမှုနှင့် စက်စွမ်းအားများ၊စက်ရုံအလိုက် ပစ္စည်းများထုတ်လုပ်မှုနှင့် ဖြန့်ဖြူးရောင်းချမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အဆင့်မြင့်မီးခံအုတ်စက်ရုံ စက်ရုံမှူးက စက်ရုံတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် အဆင့်မြင့်မီးခံအုတ် ထုတ်လုပ်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စက်ဘီးစက်ရုံသို့ သွားရောက်ပြီး စပုတ်တံဌာန၊ ပိုက်စက်နှင့် ပစ္စည်းတင်ခုံဌာန၊ ဆေးမှုတ်နှင့် တပ်ဆင်ဌာန စသည့် ဌာနအလိုက် စက်ဘီးအစိတ်အပိုင်း ထုတ်လုပ်နေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ ကျားစီးနှင့် မစီး စက်ဘီး၊ ဝန်တင်စက်ဘီးနှင့် လျှပ်စစ်စက်ဘီးတို့ကိုလည်းကောင်း၊ဆိုက်ကား ထုတ်လုပ်ထားမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အပ်ချုပ်စက် စက်ရုံသို့သွားရောက်ပြီး သံရည်ကျို ပုံလောင်းအလုပ်ရုံကို ရှေးဦးစွာ ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မိုလ်ပုံစံဌာနစိတ်၊ ပုံလောင်းဌာနစိတ်၊ သံရည်ကျိုဌာနစိတ်တို့ကိုလည်းကောင်း၊ လိုင်းအလိုက် စက်ပစ္စည်းအစိတ်အပိုင်း တပ်ဆင်မှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် တာဝန်ရှိသူများက ထုတ်လုပ်ပြီး အပ်ချုပ်စက် စက်ခေါင်းများနှင့် အသုံးပြုနိုင်မှုများကို ရှင်းလင်းပြသကြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စွပ်ကျယ်စက်ရုံသို့ သွားရောက်ပြီး စက်ထိုးထည်ဌာန၊ အချောကိုင်ဌာန၊ အထည်ချုပ်ဌာန စသည့် စက်ရုံ၏ လုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဖိနပ်စက်ရုံသို့ရောက်ရှိကြပြီး ဖိနပ်ထုတ်လုပ်သည့် လုပ်ငန်းအဆင့်ဆင့်နှင့် စက်ရုံထုတ် ဖိနပ်အမျိုးမျိုးကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောက်ဆည်မြို့နယ် အင်းကုန်းရှိ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံသို့ ရောက်ရှိရာ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမော်က စက်ရုံ၏ သံရည်ကျို အလုပ်ရုံလုပ်ငန်းများကို ရှေးဦးစွာ ရှင်းလင်းပြသသည်။

ထို့နောက်အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းသည် အမှတ်(၃) အလုပ်ရုံ၊အမှတ်(၂)အလုပ်ရုံ၊ အမှတ်(၁) အလုပ်ရုံတို့၏စက်ပစ္စည်းများ တပ်ဆင်ထားမှု၊အလုပ်ရုံအလိုက် စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်နေမှု၊ အလုပ်ရုံအလိုက်ထုတ်လုပ်သည့် လက်တွန်းထွန်စက်နှင့် စပါးရိတ်စက်တို့၏ စက်ပစ္စည်းအစိတ်အပိုင်းများကို အသေးစိတ် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ စက်ရုံ ရှင်းလင်းဆောင်၌ စက်ရုံမှူးဦးအောင်မြင့်က စက်ရုံဆိုင်ရာ အချက်အလက်များ၊ စက်ရုံမှထုတ်လုပ်မည့် လယ်ယာသုံး စက်ပစ္စည်းများ၊အလုပ်ရုံအလိုက် ထုတ်လုပ်ပြီးသည့် စက်ပစ္စည်းအစိတ်အပိုင်းများ၊ ဝန်ထမ်းရေးရာကိစ္စများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမော်ကဖြည့်စွက်ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။

မြန်မာ့လယ်ယာသုံးစက်ကိရိယာ စက်ရုံသည် တစ်နှစ်လျှင် လက်တွန်းထွန်စက်အစီး ၁၀၀၀၀နှင့် စပါးရိတ်စက် အစီး ၅၀၀၀ ထုတ်လုပ်သွားနိုင်သည့် စက်ရုံဖြစ်သည်။ (သတင်းစဉ်)

☆ စာမျက်နှာ ၁၀ မှ

ထို့နောက် ပင်မဆောင်ခန်းမ၌ ဖွင့်ပွဲအစီအစဉ်များကို ဆက်လက်ကျင်းပရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင် ဦးစိုးမင်းက ကျောင်းဆောင်သစ်တည်ဆောက်ရန် ဖြစ်ပေါ်လာမှုနှင့် ကြိုးပမ်းတည်ဆောက်ခဲ့သည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

လွှဲပြောင်းပေးအပ်

ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဌေးမြင့်က ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှအောင်အား လွှဲပြောင်းပေးအပ်သည်။

ထို့နောက်အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဌေးမြင့်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင် ဦးကျော်တို့က ကျောင်းဆောင်သစ်ဖွင့်ပွဲ အထိမ်းအမှတ် ပစ္စည်းများကို ဂါရဝပြုပေးအပ်ကြသည်။

ထပ်ဆင့်ကြိုးပမ်း

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ပညာရေးမြှင့်တင်မှု အစီအစဉ်များကို အထူးလေးနှစ်စီမံကိန်းချ၍ ဆောင်ရွက်ခဲ့ရာတွင် နိုင်ငံတော်နှင့်အတူ ဆရာ၊ ဆရာမများ၊ မိဘပြည်သူများ၊ ကျောင်းသားကျောင်းသူများ လက်တွဲညီညီ ပါဝင်ဆောင်ရွက်မှုကြောင့် အောင်မြင်မှုများ ရရှိခဲ့ပြီးဖြစ်ရာ ဆက်လက်၍ အဆင့်မြင့်သော ရည်မှန်းချက်များ ရရှိအောင် ထပ်ဆင့် ကြိုးပမ်းသွားကြရမှာဖြစ်ကြောင်း။

နိုင်ငံသူ၊ နိုင်ငံသားတိုင်း စာတတ်မြောက်စေရေး၊ ကျောင်းနေရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေး၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကူးပြောင်း သင်ကြားမှုနှုန်း မြင့်မားရေး စသည့် လုပ်ငန်းများသည် တိုးတက်အောင်မြင်မှုများ ရရှိလျက်ရှိကြောင်း။

ဤနေရာတွင် အရေအတွက် တိုးတက်လာသကဲ့သို့ ပညာအရည်အသွေး တတ်မြောက်မှု မြင့်မားရန်လည်းလိုကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ တစ်တန်းပြီး တစ်တန်း သာမန်အောင်သွားခြင်းမျိုးထက် ထူးချွန်ထက်မြက်သူများ၊ နိုင်ငံတော်အတွက် အားထားရသည့် အရည်အချင်းပြည့်ဝ ထူးချွန်သူများ ဖြစ်လာစေရန် တပ်ဆင်ထားသော ခေတ်မီသင်ကြားမှု သင်ယူမှု အထောက်အကူပြု ပစ္စည်းများကို အပြည့်အဝအသုံးချ၍ စေတနာထား သင်ကြားပေးသွားကြရန် လိုကြောင်းဖြင့် မှာကြားပြီး ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ရွှေပြည်အေး ကျောင်းဆောင်မှာ နှစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး အလျား ပေ ၁၃၀၊ အနံ ၂၄ပေရှိသည်။

ကျောင်းဆောင်သစ် ဖြစ်မြောက်ရေးအတွက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၂၅သိန်း မ,တည် လှူဒါန်းပြီး ဂေါမုတ္တဆေးတိုက်က ငွေကျပ် သိန်း ၃၀၊ ဟွန်ဒါမြန်မာကုမ္ပဏီက ငွေကျပ် သိန်း ၃၀၊ တင်ဝင်းထွန်း ကုမ္ပဏီက ငွေကျပ် ၁၅သိန်း၊ ဦးကျော်ကျော်စိန်၊ ဒေါ်နန်းရတနာဝင်း မောင်နှမတစ်စုက ငွေကျပ် ၁၀သိန်း အပါအဝင် စေတနာရှင် အလှူရှင်များ၏ စုစုပေါင်း လှူဒါန်းငွေ ကျပ် ၁၅၅သိန်းဖြင့် သုံးလတာ အချိန်တိုကာလအတွင်း တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုလမ်းမ

ကျောင်းဆောင်သစ် ဖွင့်ပွဲအပြီးတွင် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မုံရွာမြို့၌ အသစ်ဖောက်လုပ်လျက်ရှိသည့် ပြည်ထောင်စုလမ်းမ အခြေအနေကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုကြသည်။

ထို့နောက် ရှင်းလင်းဆောင်သို့ ရောက်ရှိရာ လမ်းဖောက်လုပ်ရေးတာဝန်ခံဒုတိယဗိုလ်မှူးကြီးဝင်းမြင့်က ပြည်ထောင်စုလမ်းမ ဖောက်လုပ်မှုနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သာအေးက တစ်နှစ်အတွင်း ကျောက်ချောလမ်းအဖြစ် ကြိုးပမ်းဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။

မုံရွာမြို့ မုံရွာ-မြင်းမူကားလမ်းမှာ ယာဉ်အသွားအလာ များလာသဖြင့် ယာဉ်ကြော ကျပ်တည်းပိတ်ဆို့မှုမရှိဘဲ၊ အန္တရာယ်ကင်းစွာ ခရီးသွားလာမှု ပိုမိုမြန်ဆန်လာစေရေးအတွက် မုံရွာမြို့ ဘိုးဘွားရိပ်သာမှ ကျွဲရဲလမ်းဆုံအထိ ရထားသံလမ်းနှင့် အပြိုင် ပြည်ထောင်စုလမ်းမကို ဖောက်လုပ်နေခြင်း ဖြစ်သည်။

မုံရွာမြို့ ပြည်ထောင်စုလမ်းမမှာ ၇ဒသမ၂၉ မိုင် ရှည်မည်ဖြစ်သည်။ လမ်းတာပေါင်အကျယ်ကို ပေ ၄၀ အဖြစ် လည်းကောင်း၊ ကတ္တရာလမ်းကို ၂၄ပေအကျယ်နှင့် တစ်ဖက်လျှင် ခုနစ်ပေစီကျယ်သည့် လူသွားစင်္ကြံပါဝင်သောလမ်းအဖြစ်လည်းကောင်း ဖောက်လုပ်သွားမည်ဖြစ်သည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁နာရီတွင် ယင်းမာပင်မြို့နယ်ရှိ ယမားချောင်းတံတားတည်ဆောက်ရေးလုပ်ငန်းသို့ ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မုံရွာခရိုင် အင်ဂျင်နီယာမှူး ဦးခင်မောင်တင့်က မုံရွာ-ယာကြီး-ကလေးဝလမ်း၊ မုံရွာ-ပုလဲ-ဂန့်ဂေါလမ်းနှင့် ပခုက္ကူ-မုံရွာလမ်း ဆက်သွယ်မည့် ၁၅မိုင်ရှည် လမ်းသစ်ဖောက်လုပ်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ယမားချောင်း တံတားတည်ဆောက်ရေးလုပ်ငန်းနှင့် ပြီးစီးမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက လမ်းဖောက်လုပ်ရေး လုပ်ငန်းနှင့် တံတားတည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင်တည်ဆောက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ယမားချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ယမားချောင်းတံတားကို သစ်သားတိုင် သစ်သားတံတားအဖြစ် တည်ဆောက်နေခြင်းဖြစ်ပြီး ရေအနက်ဆုံးနေရာတွင် Bailey Suspension တံတားအဖြစ် တည်ဆောက်သွားမည်ဖြစ်သည်။ တံတား၏ စုစုပေါင်း အရှည်မှာ ၉၄၇ ပေ ရှိမည်ဖြစ်သည်။

ယမားချောင်းတံတားကို ယင်းမာပင်မြို့နယ် အောင်ချမ်းသာကျေးရွာနှင့် ဆားလင်းကြီးမြို့နယ် ဂုံတောကျေးရွာ အကြားတွင် ဆက်သွယ်တည်ဆောက်နေခြင်းဖြစ်သည်။ (သတင်းစဉ်)

စာအုပ်ဈေးပွဲတော် ဆက်လက်ရောင်းချ

ရန်ကုန် မတ် ၂၅

(၅၉)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်ကကြီးမှူး၍ စာအုပ်ဈေးပွဲတော်ကို ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်း(အထက်) ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း (ယခင်ရုံးချုပ်) အဆောက်အအုံ၌ ဆက်လက်ဖွင့်လှစ် ရောင်းချလျက်ရှိသည်။

စာအုပ်ဈေးပွဲတော်သို့ ဌာနဆိုင်ရာများ၊ရဟန်းရှင်လူပြည်သူများ၊ကျောင်းသားကျောင်းသူများ ၅၀၀၀ ကျော် လာရောက်ကြည့်ရှု လေ့လာ ဝယ်ယူအားပေးကြရာ ယနေ့တွင် ငွေကျပ်ရှစ်သိန်းဖိုးခန့် ရောင်းချရသည်။

စာအုပ်ဈေးပွဲတော်ကို မတ်၂၈ရက်အထိ ပိတ်ရက်မရှိနေ့စဉ်နံနက်၉နာရီမှ ညနေ ၅ နာရီအထိ အထူးလျှော့ဈေးနှုန်းဖြင့် ဆက်လက် ရောင်းချသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ဧည့်သည်တော် တရုတ်ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ပုဂံ-ညောင်ဦးမြို့သို့ထွက်ခွာ

ရန်ကုန် မတ် ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့်အဖွဲ့ဝင်များသည် ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းတို့နှင့်အတူ ယနေ့မွန်းလွဲ ၂နာရီတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ပုဂံ-ညောင်ဦးမြို့သို့ ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့်အဖွဲ့ဝင်များအား ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

လက်ဆောင်ပေးအပ်

ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ်မဒမ်ဝူရီနှင့် အဖွဲ့ဝင်များ လေယာဉ်ပေါ်သို့ မတက်ရောက်မီ လေယာဉ်လှေကားထိပ်၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီအား ရန်ကုန်မြို့တွင်းချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းတင် ဗီဒီယိုတိပ်ခွေ၊ ဗီစီဒီနှင့် ဓာတ်ပုံအယ်လ်ဘမ်တို့ကို လက်ဆောင်အဖြစ်ပေးအပ်သည်။

(သတင်းစဉ်)

လက်ဆောင်ပေးအပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီအား လေယာဉ်ပေါ်သို့ မတက်ရောက်မီ ရန်ကုန်မြို့ရောက် ချစ်ကြည်ရေး ခရီးစဉ်မှတ်တမ်းတင် ဗီဒီယိုတိပ်ခွေ၊ ဗီစီဒီနှင့် ဓာတ်ပုံအယ်လ်ဘမ်တို့ကို လက်ဆောင်အဖြစ်ပေးအပ်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော် ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီ နှင့်အဖွဲ့ဝင်များအား ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။

(သတင်းစဉ်)

တရုတ်ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့် အဖွဲ့ဝင်များ ရွှေတိဂုံစေတီတော်ဖူးမြော် အလှူတော်ငွေများထည့်ဝင်လှူဒါန်း

ရန်ကုန် မတ် ၂၅

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့် အဖွဲ့ဝင်များသည် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၈နာရီ ၁၀မိနစ်တွင် ရွှေတိဂုံစေတီတော်သို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့်အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်အား လက်ယာရစ်တစ်ပတ်လှည့်လည်၍ ကြည့်ရှုလေ့လာကြည်ညိုကြပြီး သိလိုသည်များကို မေးမြန်းကြရာ ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့် အဖွဲ့ဝင်များသည် စီအမ်အေ တန်ဆောင်းသို့ ဝင်ရောက်ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ဧည့်သည်တော် ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ် ဘုရားကြီးရင်ပြင်၌ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့သည် သာယာဝတီမင်း လှူဒါန်းခဲ့သော ခေါင်းလောင်းတော်အား ကြည့်ရှုလေ့လာပြီး ရွှေတိဂုံစေတီတော်၌ မင်းတုန်းမင်းတင်လှူပူဇော်ခဲ့သည့် မူလထီးတော်ဟောင်းကို ကြည်ညိုကြကာ ဝန်ကြီး ဦးစိုးသာနှင့်အတူ သာယာဝတီမင်း ခေါင်းလောင်းတော်ရှေ့ ဘုရားကြီးရင်ပြင်၌ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် အာရုံခံတန်ဆောင်း၌ ကိန်းဝပ်စံပယ်သည့် ကကုသန္ဓဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ဆီမီးနှင့် အမွှေးနံ့သာများ ကပ်လှူပူဇော်ကြည်ညိုကြပြီး ရွှေတိဂုံစေတီတော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်သည် ရွှေတိဂုံစေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များကလက်ခံပြီး ရွှေတိဂုံစေတီတော်သမိုင်းစာအုပ်နှင့် ရွှေတိဂုံစေတီတော်ပုံတော် ဓာတ်ပုံတို့ကို လက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့သည် နံနက် ၉နာရီတွင် ရွှေတိဂုံစေတီတော်မှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

မင်းပြားမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် မတ် ၂၅

၂၀၀၄ ခုနှစ်တွင် နိုင်ငံတော်က ဆက်ကပ်လှူဒါန်းတော်မူသော အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ရွှေပြည်သာမြို့နယ်အနောက်အုတ်ကျင်းကျောင်း ဆရာတော်ဘဒ္ဒန္တ ဓမ္မသာမိ ဆရာတော်နှင့် မင်းပြားမြို့နယ်သားကျောင်းထိုင် ဆရာတော်များအား ပူဇော်ကန်တော့ပွဲ၊သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် မင်းပြားမြို့နယ်အသင်း (ရန်ကုန်)၏ (၁၅)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို မတ်၂၈ရက်(တနင်္ဂနွေနေ့)နံနက်၉ နာရီတွင် ဗဟန်းမြို့နယ် ရွှေကျင်တိုက်ရှိ မင်္ဂလာတိုက်ကျောင်း၌ ကျင်းပမည်ဖြစ်သည်။ အသက် ၇၅နှစ်နှင့်အထက်ရှိအသင်းဝင်များနှင့် ၂၀၀၂-၂၀၀၃ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်သည့် အသင်းဝင်များ၏ သားသမီးများစာရင်းကို ကြိုတင်ပေးပို့ ကြရန်နှင့် ပူဇော်ပွဲနှင့် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးသို့ မင်းပြားမြို့နယ်သူမြို့နယ်သားများ၊ အလှူရှင်များ တက်ရောက်ကြည်ညို ပူဇော်နိုင်သည်။

(သတင်းစဉ်)

မြို့ရွာတစ်ခွင် သာစေချင်
မီးတွင်မပေါ့နှင့်

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၆-၃-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၁၅ ၄။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄:၂၀ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၃၀ ၆။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၄၀ ၇။ မျိုးချစ်တပ်မတော်
- ၄:၅၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၀၀ ၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** Simple Linear (စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွား)
- ၅:၃၀ ၁၀။ ပညာခေတ်
- ၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "မောင့်ရွှေနဖာစူး မယ့်ရွှေနဖူးစာ" (အပိုင်း-၁၇)**
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
  - ၁၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
  - ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
  - ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
  - ၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "သိုင်းမင်းသားလေးနှင့်ရွှေမင်းသမီး" ဒုတိယတွဲ (အပိုင်း-၁)**
  - ၂၃။ သင့်အတွက်မနက်ဖြန်
  - ၂၄။ အပိတ်နှုတ်ဆက်စကား
  - ၂၅။ ပြီးပါပြီ။

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို
ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် ရန်ကုန်–ကျောက်ဖြူလမ်းပေါ်ရှိ ဒီးဒုတ်ပေါက် တံတားဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၂၅

(၅၉)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် ရန်ကုန်–ကျောက်ဖြူလမ်း(မအီ–ကျောက်ဖြူလမ်းပိုင်း)ပေါ်ရှိ ဒီးဒုတ်ပေါက်တံတားဖွင့်ပွဲ အခမ်းအနားကို မတ် ၂၂ရက် နံနက် ၇နာရီခွဲတွင် ဒီးဒုတ်ပေါက်တံတား အရှေ့ဘက်ကမ်းရှိ တည်ဆောက်ရေးစီမံကိန်းအနီး မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ တောင်ကုတ်တပ်နယ်မှ ဗိုလ်မှူးကြီးမြင့်စိုး၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ ရိုးရာယဉ်ကျေးမှုအဖွဲ့၊ စည်တော်အဖွဲ့၊ ပန်းဖွားအဖွဲ့ အင်အား ၂၀၀၀ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားရာတွင် ရခိုင်ပြည်နယ်သည် ယခင်ကာလများက အခြားပြည်နယ်နှင့်တိုင်းများ ဆက်သွယ်ရာတွင် ခက်ခဲပြီး ရေကြောင်းလမ်းနှင့် လေကြောင်းလမ်းတို့ကိုသာ အဓိကအားထားနေခဲ့ရကြောင်း။

ရခိုင်ပြည်နယ်သို့ဝင်ရောက်နိုင်သော လမ်းမကြီးလေးသွယ်ပြ မြေပုံ။ (သတင်းစဉ်)

ခဲရာခဲဆစ်

ထို့ကြောင့် ရခိုင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် နိုင်ငံတော်က လမ်း၊ တံတားများစွာကို ဘဏ္ဍာငွေ မြောက်မြားစွာ အကုန်ခံပြီး တည်ဆောက်ပေးခဲ့ကြောင်း၊ ယခုဆိုလျှင် ရခိုင်ပြည်နယ်က တိုင်းရင်းသားများသည် စစ်တွေ–မြောက်ဦး–အမ်း ကားလမ်းမကြီးမှ တစ်ဆင့် မြန်မာပြည်အနှံ့ သွားလာနေပြီဖြစ်ပြီး တောင်ကုတ်–ပန်းတောင်းလမ်း၊ ဂွ–သလိုင်းချောင်းလမ်းတို့နှင့် ပေါင်းစပ်လိုက်လျှင် နိုင်ငံနှင့်အဝန်း ဆက်သွယ်သွားလာနိုင်သည့် လမ်းမကြီးသုံးသွယ် ခိုင်ခိုင်မာမာရှိနေပြီဖြစ်ကြောင်း၊ ယခု တောင်ကုတ်ကို အခြေပြုထားသည့် ရန်ကုန်–ကျောက်ဖြူ လမ်းမကြီးကိုလည်း ရွှံ့ညွန်တောများအတွင်း (Geotextile) နည်းကိုသုံးပြီး ခဲရာခဲဆစ် ဖြတ်ကျော် ဖောက်လုပ်ပေးလျက်ရှိကြောင်း။

တောင်ကုတ် – မအီ – ကျောက်ဖြူ လမ်းအပိုင်းတွင် လိုအပ်သည့် ပေ၁၈၀ အထက် မြစ်ကူးတံတား ၁၄စင်း တည်ဆောက်ရန်ရှိသည့်အနက် ကိုင်းရှည်တံတား၊ တန်းလွဲတံတား၊ ဆားပြင်တံတား၊ လမူးတံတား၊ မအီတံတား၊ ကျောက်ကြီးပေါက်တံတား၊ စနဲပေါက်တံတားနှင့် ယနေ့ဖွင့်လှစ်သည့် ဒီးဒုတ်ပေါက်တံတားနှင့်ဆိုလျှင်တံတားရှစ်စင်းကို တည်ဆောက်ပေးပြီးဖြစ်ကြောင်း။

လိုအပ်သည့် တံတားအားလုံးနှင့် လမ်းလုပ်ငန်းများပြီးစီးသွားမည်ဆိုလျှင် အမ်း–မအီ–ကျောက်ဖြူ ကားလမ်း၊ အမ်း–မအီ–တောင်ကုတ်ကားလမ်းတို့ပေါ်ထွက်လာပြီး ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့်တောင်ပိုင်း ဆက်စပ်သည့် ရခိုင်ကမ်းရိုးတန်းလမ်းမကြီး ရုပ်လုံးပေါ်လာမည်ဖြစ်ကြောင်း။

ထို့ပြင် ရန်ကုန် – ကျောက်ဖြူ ကားလမ်းမကြီးသည်လည်း ရန်ကုန်–စစ်တွေလမ်းမကြီးကဲ့သို့ ခိုင်ခိုင် မာမာ ထွက်ပေါ်လာတော့မည် ဖြစ်ကြောင်း၊ ထို့ကြောင့် အမ်းမှတစ်ဆင့်၊တောင်ကုတ်မှ တစ်ဆင့်၊ဂွမှတစ်ဆင့် ရခိုင်ပြည်နယ်အတွင်း ဝင်ရောက်နိုင်သည့် ဝင်ပေါက်ကြီး သုံးခုကို အသုံးပြုပြီး လမ်းမကြီး လေးသွယ်အထိ ကျယ်ပြန့်စွာတိုးတက်ပေါ်ထွက်လာတော့မှာ သေချာနေပြီဖြစ်ကြောင်း။

ယနေ့ဖွင့်လှစ်သည့် ဒီးဒုတ်ပေါက်တံတားသည် ဖောက်လုပ်ဆဲ ရန်ကုန်–ကျောက်ဖြူ လမ်းမကြီးပေါ်ရှိ အရေးပါသည့် တံတားတစ်စင်း ဖြစ်ကြောင်း၊ ၁၉၈၈ ခုနှစ် နောက်ပိုင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်သည့် ၁၆၉စင်းမြောက် ပေ၁၈၀ အထက် တံတားတစ်စင်းဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွက်ဆိုလျှင် ၂၈ စင်းမြောက်တံတားဖြစ်ကြောင်း။

သံမဏိသံပေါင်တပ် သံကူကွန်ကရစ်တံတားဖြစ်ပြီး အရှည် ၅၉၂ပေ၊ ယာဉ်သွားလမ်း အကျယ် ၂၄ပေ၊ တံတားခံနိုင်ဝန်တန်ဖိ၀ရှိသည့် တံတားတစ်စင်း ဖြစ်ကြောင်း၊ ရေနက်ဆိပ်ကမ်း တည်ဆောက်နိုင်မည့် အခြေအနေကောင်းများရှိသည့် ကျောက်ဖြူနှင့် ရန်ကုန် ဆက်သွယ်ရာ လမ်းမကြီးပေါ်ရှိ ယခုတံတားသည် ရခိုင်ပြည်နယ်၏ အနာဂတ် ဖွံ့ဖြိုးတိုးတက်မှုများကို များစွာ အထောက်အကူပြုစေမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒီးဒုတ်ပေါက်တံတား တည်ဆောက် ဖွင့်လှစ်ခဲ့ခြင်းအတွက် ဒေသခံ တိုင်းရင်းသားပြည်သူများကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးနှင့် တောင်ကုတ်တပ်နယ်မှ ဗိုလ်မှူးကြီးမြင့်စိုးတို့က ဒီးဒုတ်ပေါက်တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် ရန်ကုန်–ကျောက်ဖြူလမ်း မအီ–ကျောက်ဖြူလမ်းအပိုင်းပေါ်ရှိ ဒီးဒုတ်ပေါက်တံတားဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စက်ခလုတ်နှိပ်ဖွင့်လှစ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ဒီးဒုတ်ပေါက်တံတား မှတ်တမ်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် အဖွဲ့ဝင်များ ဒေသခံပြည်သူများသည် ဒီးဒုတ်ပေါက် တံတားကိုဖြတ်သန်း၍ ကြည့်ရှုကြပြီး အခမ်းအနားကိုရုပ်သိမ်း လိုက်သည်။ (သတင်းစဉ်)

ကြေးတော်ကြီးဘုရား ဂန္ဓကုဋိတိုက်ကျောင်းတော် ဆောက်လုပ်ရေးလှူဒါန်းနိုင်

ရန်ကုန် မတ် ၂၅

ရန်ကုန်မြို့တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်း ဘောလီတံတားထိပ်၌ သီတင်းသုံး အပူဇော်ခံလျက်ရှိသော ဆုတောင်းပြည့် ကြေးတော်ကြီးဘုရား ထာဝရသီတင်းသုံးရန် ဂန္ဓကုဋိတိုက်ကျောင်းတော်ကြီးကို ခမ်းနားထည်ဝါစွာ စုပေါင်းဆောက်လုပ်လှူဒါန်းသွားမည်ဖြစ်ရာ ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသ ဖုန်း–၅၇၁၅၈၃၊ ဦးလှစိုး (ရန်ကုန်တိုင်းအုပ်ချုပ်ရေးမှူး) ဖုန်း–၃၇၀၅၀၈၊ ၀၉–၈၀–၃၃၅၈၂၊ ဗိုလ်မှူးကြီးစိုးထွေး (အငြိမ်း) ဖုန်း–၂၀၁၀၅၄၊ ဦးသန်းဦး၊ ဦးရွှေဝင်း၊ ဦးဇော်ထွန်း ဖုန်း–၅၇၁၈၇၂ နှင့် ဘုရားဒါယကာ ဦးသက်–ဘုရားဒါယိကာမ ဒေါ်မြင့်မြင့် ဖုန်း–၅၇၁၅၈၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြကြောင်း သိရသည်။ (က–ပ)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၂။ နိုင်ငံတော် တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး။

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

(၅၉)နှစ်မြောက် တပ်မတော်နေ့ပြပွဲ
တပ်မတော်စစ်သမိုင်းပြတိုက်
(ရွှေတိဂုံဘုရားလမ်း)
(၂၆–၃–၂၀၀၄ မှ ၄–၄–၂၀၀၄)

(မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ပါသည်။)

(၅၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုကြိုဆို တပ်မတော်ဆေးရုံများသို့ ငွေလှူဒါန်း

ရန်ကုန် မတ် ၂၅

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တပ်မတော်အရိုးကုဆေးရုံကြီးနှင့် တပ်မတော် ကိုယ်လက်အင်္ဂါပြန်လည် သန်စွမ်းရေးဆေးရုံသို့ အလှူငွေ လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် မရမ်းကုန်းမြို့နယ် အမှတ်(၆၄)၊ ကမ္ဘာအေးစေတီလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသန်းအောင်၊ ဆေးရုံများမှ တပ်မှူးများနှင့် တာဝန်ရှိသူများ၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်၊ အလှူရှင် ဦးဝင်းဆွေနှင့်ဇနီး သီရိသုဓမ္မသီဂိ ဒေါက်တာရီရီလှ (ယုဝတီခင်ဦး)(WYZ) Pte-Ltd.နှင့် သား ဦးဇော်ဝင်းဆွေနှင့်ဇနီး ဒေါက်တာအေးအေးမော် Victory Enterprise Pte-Ltd., (စင်ကာပူ)မိသားစုနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အလှူရှင်ဒေါက်တာ ဒေါ်ရီရီလှ (ယုဝတီခင်ဦး)က ငွေလှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဂုဏ်ပြုလွှာပေးအပ်

ထို့နောက် အလှူရှင် ဦးဝင်းဆွေနှင့်ဇနီး သီရိသုဓမ္မသီဂိဒေါက်တာ ဒေါ်ရီရီလှ(ယုဝတီခင်ဦး)(WYZ) Private Limitedနှင့် သား ဦးဇော်ဝင်းဆွေနှင့်ဇနီး ဒေါက်တာအေးအေးမော် Victory Enterprise Private Limited မိသားစုတို့က ကာကွယ်ရေးဝန်ကြီးဌာန အရိုးကုဆေးရုံကြီးအတွက် အလှူငွေကျပ်ငါးသိန်းနှင့် တပ်မတော်ကိုယ်လက်အင်္ဂါ ပြန်လည်သန်စွမ်းရေးဆေးရုံသို့ အလှူငွေကျပ် လေးသိန်း စုစုပေါင်း ငွေကျပ်ကိုးသိန်းကို ပေးအပ်လှူဒါန်းရာ ကာကွယ်ရေးဝန်ကြီးဌာန၊ဆေးဝန်ထမ်း ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသန်းအောင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသန်းအောင်က အလှူရှင်များအား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးဗိုလ်မှူးကြီး သန်းအောင်က တပ်မတော် အရိုးကုဆေးရုံသို့ လှူဒါန်းသော အလှူငွေကျပ်ငါးသိန်းကို တပ်မတော်အရိုးကု ဆေးရုံကြီးမှ တပ်မှူး ဗိုလ်မှူးကြီးထွန်းထွန်းအားလည်းကောင်း၊ တပ်မတော် ကိုယ်လက်အင်္ဂါ ပြန်လည်သန်စွမ်းရေးဆေးရုံသို့လှူဒါန်းသော အလှူငွေကျပ်လေးသိန်းကို တပ်မှူး ဒုတိယဗိုလ်မှူးကြီးမျိုးလွင်အားလည်းကောင်း အသီးသီး ပြန်လည်လွှဲပြောင်းပေးအပ်သည်။ (သတင်းစဉ်)

သိက္ခာထပ်၊ ရဟန်းခံ၊ ရှင်ပြုအလှူတော်မင်္ဂလာကျင်းပမည်

ရန်ကုန် မတ် ၂၅

ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရှင်ထွေးညိုလမ်း (၁၃)ရပ်ကွက်ရှိ သုခမာန်အောင်ကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တကေသရ ကြီးမှူးကျင်းပသော သိက္ခာထပ်၊ ရဟန်းလောင်း၅၀နှင့် ရှင်သာမဏေလောင်း ၁၀၈ပါးတို့အား သာသနာ့ဘောင်သို့သွတ်သွင်း ပူဇော်ပွဲကို ဧပြီ ၁ရက် (ကြာသပတေးနေ့)နံနက် ၆နာရီတွင် ကျင်းပမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့က လာရောက် ပူဇော်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။

(က-ပ)

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့်နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များမသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၄ခုနှစ်၊ မတ်လအတွက်
နောက်ဆုံးပတ်(တနင်္ဂနွေနေ့)
၂၈-၃-၂၀၀၄ ရက်နေ့
၂၀၀၄ခုနှစ်၊ ဧပြီလအတွက်
၁၁-၄-၂၀၀၄ ရက်နေ့နှင့်
၂၅-၄-၂၀၀၄ ရက်နေ့

ဓမ္မဒူတ အရှင်ဆေကိန္ဒ၏ တရားပွဲများ

ရန်ကုန် မတ် ၂၅

ဓမ္မကထိက ဗဟုဇနဟိတရေ ဓမ္မဒူတ အရှင်ဆေကိန္ဒ အရှင်သူမြတ်သည် မတ် ၂၆ ရက် ည ၆ နာရီခွဲတွင် ထောက်ကြန့်မြို့ ဓမ္မသဘင်နှင့် ည ၈ နာရီတွင် မှော်ဘီမြို့၊ ရွှေမော်တင်ဘုရားပွဲ ဓမ္မသဘင်၊ မတ် ၂၇ ရက်မှ ၃၀ရက်အထိ မှော်ဘီမြို့ ဓမ္မဒူတ ဇေတဝန်တောရနှင့် မတ်၃၁ရက် ညတွင် ဗိုလ်တထောင်မြို့နယ် ရွှေသံလွင် ဓမ္မသဘင်တို့၌ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၆-၃-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း၊

၇:၀၀ ၁။ **ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ရိုးရာကျေးလက်ကစားနည်း
၇:၅၅ ၆။ ကြေးမုံရိပ်သွင်တေးနယ်
၈:၀၀ ၇။ အကပြိုင်ပွဲ
၈:၁၀ ၈။ (၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၂၀ ၉။ ဘိုင်းဒါးရေလှောင်တမံ
၈:၃၀ ၁၀။ International News.
၈:၄၅ ၁၁။ English for Everyday Use.
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း၊

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး -နှစ်(၅၀)ပြည့်ရွှေရတု တပ်မတော်နေ့၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မိန့်ကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice in Reading.
၄:၄၅ ၄။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၄ခုနှစ်)
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (သတ္တဗေဒ၊ရုက္ခဗေဒ၊ အထူးပြုများ)(သတ္တဗေဒ)
၅:၁၅ ၆။ လက်ဆင့်ကမ်းပေးဂီတတေး (စောင်း)
၅:၂၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၄၀ ၈။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
၅:၅၀ ၉။ နှောင်းခေတ်တေးပဒေသာ
၆:၀၀ ၁၀။ (၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၆:၁၅ ၁၁။ Discovery.
၆:၃၀ ၁၂။ ညနေခင်းသတင်း
၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မိုးနတ်မယ်"(အပိုင်း-၁၀)**
၇:၃၀ ၁၅။ သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ရေး ဂုဏ်ပြုအစီအစဉ်(၁)
၇:၄၀ ၁၆။ နှစ်(၅၀)ပြည့်ရွှေရတု တပ်မတော်နေ့၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မိန့်ကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက် ပြည်သူ့အတွက်တပ်မတော်
- သားမောင်စစ်သည်ထံမှ အမေ့ထံသို့ပေးစာ
- ပြည်ထောင်စုဖွံ့ဖြိုးတိုးတက် တပ်မတော်အစိုးရလက်ထက်
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **ရုပ်မြင်သံကြားဇာတ်လမ်း အတွေးခါးခါး ဘဝချိုချို (ကျော်သူ၊ဇွဲနိုင်ဝင်း၊သူသူဟံသာ၊ စမ်းစမ်းအေး) (ဒါရိုက်တာ-သက်တင်)**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

ရန်ကုန် ပညာရေးတက္ကသိုလ် နွေရာသီအနီးကပ်သင်တန်း ဖွင့်မည့်ရက်ကြေညာ

ရန်ကုန် မတ် ၂၅

၂၀၀၃ - ၂၀၀၄ ပညာသင်နှစ် ပညာရေးဘွဲ့ စာပေးစာယူ သင်တန်းသားဆရာ၊ဆရာမများကိုယ်တိုင် တက်ရောက်သင်ယူရမည့် နွေရာသီ အနီးကပ် သင်တန်းနှင့် ဖြေဆိုရမည့် စာမေးပွဲများကို ရန်ကုန်ပညာရေး တက္ကသိုလ်တွင် ကျင်းပမည်ဖြစ်ရာ သင်တန်းအပတ်စဉ် (၂၂)ပထမနှစ် သင်တန်းနှင့် အပတ်စဉ်(၂၁) ဒုတိယ နှစ်သင်တန်းတို့ကို ၂၀၀၄ခုနှစ် ဧပြီ ၂၂ရက်မှ မေ၃ရက်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။ နောက်အကျဆုံး သတင်းပို့ရမည့်ရက်မှာ ၂၀၀၄ ခုနှစ် ဧပြီ ၂၁ ရက်ဖြစ်ပြီး သုံးရက်ထက် ကျော်လွန်နောက်ကျခြင်းကို ခွင့်ပြုမည် မဟုတ်ကြောင်းနှင့် အဆိုပါ သင်တန်းများ၏ စာမေးပွဲကျင်းပမည့် ကာလမှာ ၂၀၀၄ခုနှစ် မေ ၁၇ရက်မှ ၂၁ ရက်အတွင်း ဖြစ်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

(သတင်းစဉ်)

TRAVEL SERVICE
AMIGO
AMIGO တို့ရဲ့
ချောင်းသာ
(၁) ပုဂံ၊ပုပ္ပား - HOTEL **
(၂) ချောင်းသာ - HOTEL MAX
(သောကြာ၊ စနေတိုင်း) တစ်ပတ်ကြိုတင် ၂%၊
၂လကြိုတင် ၁၆% off
ဖုန်း- ၆၅၀၆၈၇၊ ၀၉၅၀ ၁၂၃၂၂ amigo@mail2spain.com

ဝန်ထမ်းအလိုရှိသည်
(မြည်တွင်းခွဲ ဝန်ထမ်းရန်)
မင်္ဂလာဒုံမြို့နယ် စက်မှုဇုံတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါ အရည်အချင်းတစ်ခုခုနှင့်ပတ်သက်သည့်အောင်လက်မှတ်ရှိသူ(သို့) ဘွဲ့ရသူ ကျား (၁၀)ဦး၊ မ (၁၀၀) ဦး အလိုရှိသည်။
(၁) EP (၂) Physics (၃) MP
လျှောက်ထားသူသည် အသက် (၂၆)နှစ်ထက်မကျော်ရ၊ အနည်းဆုံးအရပ် ၅ပေ၄လက်မရှိသူ ဖြစ်ရမည်။ မိုးသားကြီးစားသူဖြစ်ရမည်။ လျှောက်ထားသူသည်ကာလာဓါတ်ပုံ(၂)ပုံ၊မှတ်ပုံတင်၊အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ဘွဲ့လက်မှတ်များနှင့်အတူ (၁၄၊၂၀၀၄)မှ (၃၊၄၊၂၀၀၄) အထိ မင်္ဂလာဒုံစက်မှုဇုံအတွင်းရှိ မြန်မာအေးရှား အော့ပ်တီကယ်စက်ရုံ (Myanmar Asia Optical)
ဖုန်း- 706972, 639032 သို့ လူကိုယ်တိုင်လာရောက် လျှောက်ထားရမည် ဖြစ်သည်။

အမှန်တကယ်စားသုံးသူများအတွက်
ကျေနပ်မှုတွေပြည့်ဆည်းနေမယ့်
စမ်းဖိုးဖိုက်
စားသောက်ဆိုင်
+
K.T.V Lounge
ရန်ကုန် လေဆိပ်လမ်းဆုံအနီး ဖုန်း ၀၁-၆၅၀၃၄၂

ပဲဆီစစ်စစ်၊ နှမ်းဆီစစ်စစ် စားလိုသူများ ....
ရန်ကုန်ပဲဆီသန့် ရန်ကုန်နှမ်းဆီရည်သန့်
09-5003646,
☎: 382323, 382337, 251230, 681310, 663317, 660283, 02 - 80227

မဟာသင်္ကြန်ရက်အတွင်းအေးချမ်းစွာအနားယူအပန်းဖြေလိုသူများအား
ချောင်းသာဦးကမ်းခြေဟိုတယ်(ချောင်းသာ)မှ
ဝန်ဆောင်မှုအပြည့်အဝဖြင့် နွေးထွေးလိုက်လှဲစွာကြိုဆိုနေပါသည်။
ရန်ကုန်ဖုန်း 01 - 254708, 254709
ချောင်းသာဖုန်း 042 - 22888, 24880 ~ 24883 (Ext. 353)
အမှတ်-၂၉၉/၃၀၁ (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မဟာသင်္ကြန်ရက်အတွင်းအေးချမ်းစွာအနားယူအပန်းဖြေလိုသူများအတွက်
ချောင်းသာဦးကမ်းခြေဟိုတယ်(ငွေဆောင်)မှ
အထူးအစီအစဉ်ဖြင့် BOOKING များ စတင်လက်ခံနေပါပြီ။
ရန်ကုန်ဖုန်း 01 - 254708, 254709
ငွေဆောင်ဖုန်း 01 - 581100~4 (Ext. 324, 325)
အမှတ်-၂၉၉/၃၀၁ (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

လူကုန်ကူးခြင်းနှင့် လူမှောင်ခိုခြင်း

ဓညဝတီ မေရွက်နု

မြန်မာနိုင်ငံသည် ရေမြေသဘာဝပတ်ဝန်းကျင် အလှအပများ၊ သဘာဝ အလှတရားများနှင့် ပြည့်စုံသောနိုင်ငံဖြစ်ပါသည်။ ထိုနည်းတူ သယံဇာတ ပေါကြွယ်ဝသော နိုင်ငံလည်းဖြစ်ပါသည်။ မြန်မာလူမျိုးတို့သည် ငယ်ရွယ် နုနယ်စဉ်ကာလကပင် နိုင်ငံကို ချစ်မြတ်နိုးစိတ်ဖြင့် အမျိုးသားရေးလက္ခဏာများ တောက်ပလျက်ရှိသော နိုင်ငံဖြစ်ပါသည်။

မြန်မာဟူသည် နူးညံ့သိမ်မွေ့သော မြန်မာ့ယဉ်ကျေးမှုကို အခြေခံကာ ဘာသာရေးအဆုံးအမများဖြင့် နိဗ္ဗာန်ရောက်ကြောင်းတရားကို မျက်မှောက်ပြုနေသူ များဖြစ်ကြပါသည်။ မြန်မာ့ယဉ်ကျေးမှုသည် ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနားကြကာ မိမိအမျိုးအနွယ်ကို စောင့်ထိန်းရင်း ခေတ်မီနိုင်ငံတော်ကြီး ပေါ်ထွန်းရေးအတွက် အားကြိုးမာန်တက် နိုင်ငံတော်နှင့်ပြည်သူ လက်တွဲ ဆောင်ရွက်လျက်ရှိပါသည်။

ထိုကဲ့သို့ အားကြိုးမာန်တက် ဆောင်ရွက်နေစဉ် မြန်မာမှုစရိုက်နှင့် လိုက်ဖက်ခြင်းမရှိသော ပြဿနာဆိုးကြီးတစ်ခု ပေါ်ပေါက်လာသည်။ ယင်းပြဿနာမှာ လူကုန်ကူးမှုဖြစ်သည်။

ကျေးကျွန်စနစ်သည် လွန်ခဲ့သော နှစ်ပေါင်း၂၀၀ခန့်ကတည်းက ကမ္ဘာမှ ပျောက်ကွယ်ခဲ့သော်လည်း လွန်ခဲ့သော ၁၀နှစ်ခန့်က ခေတ်သစ်ကျေးကျွန်စနစ် ပြန်လည်ပေါ်ပေါက်လာခဲ့သည်။ ကမ္ဘာတွင် နှစ်စဉ် ၂ဒသမ ၄သန်းအထိ လူကုန်ကူးမှုခံခဲ့ရပြီး ယခုအခါ ၂၇သန်းမက ကမ္ဘာမှာ လူကုန်ကူးခံနေရသည်။

ယနေ့ကမ္ဘာကြီးအား ခြိမ်းခြောက်လျက်ရှိသည့် ပြဿနာကြီးသုံးရပ်ရှိသည်။ ယင်းတို့မှာ အကြမ်းဖက်မှု၊ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုတို့ဖြစ်သည်။ အိမ်နီးချင်း ငါးနိုင်ငံအနက် စီးပွားရေးတိုးတက်မှု ကွာဟ၍ သွားလာရန်လွယ်ကူသော ထိုင်းနှင့် တရုတ်နိုင်ငံသို့ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်ရာမှ လူကုန်ကူးမှု ပြဿနာသည် လွန်ခဲ့သော လေး၊ ငါးနှစ်ခန့်ကစ၍ ပေါ်ပေါက်ခဲ့သည်။

မြန်မာနိုင်ငံမှနေ၍ တရားမဝင် အလုပ်လုပ်ကိုင်ကြသူများမှာ ထိုင်းတွင် တစ်သန်းခန့်၊ တရုတ်နိုင်ငံတွင် တစ်သိန်းခန့်ရှိကြောင်းသိရသည်။ ထိုကဲ့သို့ တရားမဝင် အလုပ်လုပ်ကိုင်သူများအပေါ် နည်းမျိုးစုံဖြင့် ခေါင်းပုံဖြတ် အမြတ်ထုတ်နေကြောင်းနှင့် လူကုန်ကူးမှုပြဿနာသည် ငယ်ရွယ်သောအမျိုးသမီး များကို လူမှုရေးအရ ထိခိုက်နစ်နာစေပြီး HIV/AIDS ရောဂါဆိုးကြီးများ ပျံ့နှံ့စေခဲ့သည်။

Globalization ဖွံ့ဖြိုးမှု မမျှတခြင်း၊ တည်ငြိမ်မှုမရှိခြင်းတို့ကြောင့် အကြမ်းဖက်မှု၊ မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ ငွေကြေးခဝါချမှု၊ လူကုန်ကူးမှု၊ လက်နက်မှောင်ခိုမှု၊ ပင်လယ်ဓားပြမှု၊ စီးပွားရေးဆိုင်ရာမှုခင်း၊ ကွန်ပျူတာဆိုင်ရာ မှုခင်းစသည့် နိုင်ငံဖြတ်ကျော် မှုခင်းရှစ်ခုသည် ၁၉၈၀ပြည့်နှစ်နောက်ပိုင်းတွင် တိုးတက်ပေါ်ပေါက်လာသည်။

လူကုန်ကူးခြင်းသည် ယခုခေတ်၏ အဆိုးရွားဆုံးသော လူ့အခွင့်အရေး ချိုးဖောက်မှုဖြစ်၍ နိုင်ငံတကာမှ ပူးပေါင်းတိုက်ဖျက်ရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က တိုက်တွန်းခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ၁၉၉၆ခုနှစ်ခန့်က စ၍ ဤပြဿနာကြီးကို တိုက်ဖျက်ရန် ကြိုးပမ်းအားထုတ်ခဲ့သည်။ မြန်မာ လူမျိုးတို့၏ တန်ဖိုးထားစောင့်ရှောက်သော အမျိုးအနွယ်စောင့်ထိန်းမှုကို ထိခိုက်ပျက်ပြားစေသဖြင့် ဤပြဿနာတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် မူဝါဒချမှတ် ဆောင်ရွက်ခဲ့သည်။

လူကုန်ကူးမှုဖြစ်စေသော အကြောင်းရင်းများမှာ အောက်ပါအကြောင်း ၁၀ချက်ကြောင့်ဖြစ်ကြောင်း တွေ့ရှိရသည်။

(၁) ဝင်ငွေနည်းခြင်း

(၂) အလုပ်အကိုင်ရှားပါးခြင်း

(၃) ပညာရေးနိမ့်ပါးခြင်း

(၄) သတင်းမှန်မသိရှိခြင်း

(၅) ယုံလွယ်ခြင်း

(၆) မိသားစုထောက်ပံ့ရန်လိုအပ်ခြင်း

(၇) စိတ်ဝင်စားမှုနည်းပါးခြင်း

(၈) စူးစမ်းစမ်းသပ်လိုခြင်း

(၉) မိသားစုပြဿနာရှိခြင်း

(၁၀) အကြွေးတင်ခြင်း

ထိုကဲ့သို့သော အကြောင်းများအပေါ် အခြေခံနေသူများအား အောက်ပါ အချက်သုံးချက်ဖြင့် လူကုန်ကူးသူများက ဆွဲဆောင်ကြသည်။

(၁) ဝင်ငွေပိုမိုရရှိခြင်း၊

(၂) အလုပ်အကိုင်အခွင့်အလမ်းကောင်းခြင်း၊

(၃) သူတစ်ပါးကိုအားကျစေခြင်း၊

လူကုန်ကူးခြင်းနှင့် လူမှောင်ခိုခြင်းတို့သည် တစ်ခုနှင့်တစ်ခု တူညီမှုမရှိဘဲ ခြားနားချက်များရှိကြောင်း တွေ့ရှိရသည်။

(၁) ဥပဒေဆိုင်ရာဖွင့်ဆိုချက်

(က) **လူကုန်ကူးခြင်း။** ခေါင်းပုံဖြတ်ရန် အဓမ္မပြုခြင်း၊ အခြားနည်း အကျပ်ကိုင်ခြင်း၊ သွေးဆောင်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ ကလိမ်ကျခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ အာဏာအလွဲသုံးခြင်းတို့ကို အသုံးပြုကာ အခြားသူကို စုဆောင်းခြင်း၊ ပို့ဆောင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ လက်သင့်ခံခြင်း၊ လွှဲပြောင်းခြင်းဖြစ်သည်။

(ခ) **လူမှောင်ခိုခြင်း။** ငွေကြေးအကျိုးအမြတ်ရယူကာ မိမိနိုင်ငံ မဟုတ်သော နိုင်ငံတစ်နိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လိုသူ များအား ခိုးသွင်းခြင်းဖြစ်သည်။

(၂) သားကောင်အင်္ဂါရပ်

(က) **လူကုန်ကူးခြင်း။** လူကုန်ကူးခံရသူ သားကောင်သည် ခေါင်းပုံဖြတ် ခံရသူဖြစ်သည်။ လူအပေါ် ကျူးလွန်သောပြစ်မှုဖြစ်သည်။

(ခ) **လူမှောင်ခိုခြင်း။** လူမှောင်ခိုခြင်း၌ သားကောင်မရှိဘဲ၊ အလုပ်အပ်သူ၊ ငှားရမ်းသူသာ ဖြစ်သည်။ နိုင်ငံအပေါ် ကျူးလွန်သော ပြစ်မှု ဖြစ်သည်။

(၃) ဆန္ဒ

(က) **လူကုန်ကူးခြင်း။** ဆန္ဒမှန် ပါဝင်ခြင်းမရှိဘဲ သားကောင်သည် ၎င်းအား ကတိပြုထားသည့်အတိုင်း ယုံကြည်နေသူဖြစ်သည်။

(ခ) **လူမှောင်ခိုခြင်း။** ဆန္ဒမှန်ပါဝင်သည်။ တရားမဝင် ဝင်ရောက်လိုသူ၏ ဆန္ဒကို မှောင်ခိုသူက ဖြည့်ဆည်းခြင်းဖြစ်သည်။

(၄) ရွှေ့ပြောင်းခြင်း၏ ရည်ရွယ်ချက်

(က) **လူကုန်ကူးခြင်း။** ခရီးဆုံးတွင်ခေါင်းပုံဖြတ်ရန်ဖြစ်သည်။

(ခ) **လူမှောင်ခိုခြင်း။** သဘောတူညီထားသော အကျိုးအမြတ်ရရှိရေး အတွက် ခရီးဆုံးရောက်အောင် ပံ့ပိုးကူညီရန်ဖြစ်သည်။

(၅) ခရီးဆုံး

(က) **လူကုန်ကူးခြင်း။** ခေါင်းပုံဖြတ်ခံရသည့်နေရာသည် ခရီးဆုံးဖြစ်သည်။ နိုင်ငံတကာတွင် ဖြစ်နိုင်သကဲ့သို့ ပြည်တွင်းတွင်လည်းဖြစ်နိုင်သည်။

(ခ) **လူမှောင်ခိုခြင်း။** နိုင်ငံတကာပြဿနာဖြစ်သည်။ တစ်ခါတစ်ရံ နယ်နိမိတ်ဖြတ်ကျော်ပြီးသည်နှင့် ခရီးဆုံးသည်။

(၆) စုဆောင်းခြင်းနှင့်ဝယ်ယူခြင်း

(က) **လူကုန်ကူးခြင်း။** အမြတ်အစွန်းရရန် အလားအလာကောင်းသူများကို ဝယ်ယူခြင်း အပါအဝင် နည်းမျိုးစုံဖြင့် ရှာဖွေစုဆောင်းသည်။

(ခ) **လူမှောင်ခိုခြင်း။** ရှာဖွေစုဆောင်းခြင်းမပြုပါ၊ သတင်းဖြန့်ခြင်းဖြင့် ၎င်းတို့ကို အသုံးပြုမည့်သူများကို ဆွယ်ယူသည်။

(၇) ဖောက်သည်ဆက်နွှယ်မှု

(က) **လူကုန်ကူးခြင်း။** ဖောက်ကားဆက်ဆံမှုသည် စုဆောင်းရောင်းချသူနှင့် ဝယ်ယူအသုံးပြုသူတို့အကြားတွင်သာရှိသည်။ သားကောင်သည် ရောင်းကုန်သာဖြစ်သည်။

(ခ) **လူမှောင်ခိုခြင်း။** မှောင်ခိုသူနှင့် နိုင်ငံဖြတ်ကျော် ခိုးဝင်လိုသူတို့အကြား ဖောက်သည်ဆက်ဆံမှု ရှိသည်။

(၈) သားကောင် (သို့မဟုတ်) ဖောက်သည်

(က) **လူကုန်ကူးခြင်း။** လူကုန်ကူးသူ၏ လှည့်ဖြားမှုမက်လုံးကို ယုံကြည်ပြီး သဘောတူလိုက်ပါလေ့ရှိသဖြင့် သားကောင်ကိုယ်တိုင်၊ မိမိကိုယ်မိမိ ဖောက်သည်ဟု ယူဆနေတတ်သည်။ သားကောင်၏ရုပ်ရည်၊ အသက်နှင့်ကြံ့ခိုင်မှု စသည့်ပုံသဏ္ဌာန်သည် လူကုန်ကူးခံရခြင်း အကြောင်းရင်းပင်ဖြစ်သည်။

(ခ) **လူမှောင်ခိုခြင်း။** ဖောက်သည်သက်သက်ဖြစ်သဖြင့် အခြားဆက်နွှယ်သော အကြောင်းမရှိပါ။

(၉) ဗဟုသုတနှင့် ထိန်းချုပ်မှု

(က) **လူကုန်ကူးခြင်း။** လူကုန်ကူးသူသည် ခရီးလမ်းကြောင်း ဗဟုသုတ ပြည့်ဝသည်။ သားကောင်အား ဆုံးဖြတ်ခွင့်မပေး၊ အချိန်မနှောင်းမီ ထိန်းချုပ်မှုကို မသိကြပေ။

(ခ) **လူမှောင်ခိုခြင်း။** ဖောက်သည်တွင် ဗဟုသုတနှင့် အခြေအနေပေါ် ထိန်းချုပ်နိုင်စွမ်းရှိသည်။

(၁၀) အမြတ်အစွန်း

(က) **လူကုန်ကူးခြင်း။** ကနဦးရောင်းချမှု အမြတ်အစွန်းအပြင် အဖန် တလဲလဲ ခေါင်းပုံဖြတ်ရာမှ အမြတ်ရယူလေ့ရှိသည်။

(ခ) **လူမှောင်ခိုခြင်း။** နယ်စပ်ဖြတ်ကျော်ခြင်းအတွက် ဖောက်သည် ပေးသော အခကြေးငွေသာဖြစ်သည်။

(၁၁) အကြမ်းဖက်မှု

(က) **လူကုန်ကူးခြင်း။** အကြမ်းဖက်မှုသည် လူကုန်ကူးခြင်း၏ လုပ်နည်း တစ်ရပ်ဖြစ်သည်။ သားကောင်ကို နိုင်နင်းစွာ ထိန်းချုပ်ရန် အသုံးပြုသည်။

(ခ) **လူမှောင်ခိုခြင်း။** အကြမ်းဖက်မှုပါဝင်ခြင်း မရှိပါ။

(၁၂) ဆိုက်ရောက်ခြင်း

(က) **လူကုန်ကူးခြင်း။** ရောင်းချခြင်း(သို့)အလုပ်ခိုင်းခြင်းခံရသည်။ တစ်စုံ တစ်ဦး၏ ပိုင်ဆိုင်ထိန်းချုပ်ခြင်း ဆက်ခံရသည်။

(ခ) **လူမှောင်ခိုခြင်း။** လိုရာရောက်သည့်အတွက် ဖောက်သည် စိတ်ကျေနပ်မှု ရရှိသည်။

မိမိကိုယ်ကိုမိမိ ထိန်းသိမ်းနိုင်စွမ်းမရှိဘဲ ဝင်ငွေပိုမိုရရှိလိုခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းကောင်းလိုခြင်း၊ တစ်ပါးသူအပေါ်၌ အားကျစိတ်များသူတို့သည် ဝိသမလောဘသမားများ၏ လက်တွင်းကျရောက်ကာ လူကုန်ကူးခြင်း၊ လူမှောင်ခိုခြင်း ခံကြရလေသည်။

ထိုသို့လူကုန်ကူးခံရသူများသည် စက်ရုံအလုပ်ရုံများတွင် လုပ်ခအနည်း ငယ်ဖြင့် ပင်ပန်းစွာလုပ်ကိုင်ကြရသည်။ အဓမ္မလုပ်အား ခေါင်းပုံဖြတ်ခံရသည်။ အလုပ်ရှင်နှင့် မိသားစု၏ ညှဉ်းပန်းနှိပ်စက်မှု၊ ကြမ်းတမ်းစွာဆက်ဆံမှုခံရသည်။ Sexual factory များတွင် အသုံးချခံရသည်။ အထူးသဖြင့် ကလေးသူငယ် လေးများသည် တောင်းရမ်း၍ ငွေရှာခိုင်းခြင်းခံရသည်။ ညစ်ညမ်းဓာတ်ပုံများ အတွက် အသုံးချခြင်းခံရသည်။ ခန္ဓာကိုယ်မှ အစိတ်အပိုင်းထုတ်၍ အသုံးချခြင်း ခံရသည်။

လူကုန်ကူးခြင်း၊ လူမှောင်ခိုခြင်းခံရသူတို့၏ လမ်းဆုံးမှာ အနိဋ္ဌာရုံများ လွှမ်းမိုးလျက်ရှိသည်။ ထိုသူတို့သည် ကိုယ်ခန္ဓာချို့တဲ့သည့်ဘဝသို့ရောက်ရှိခြင်း၊ HIV/AIDS ရောဂါစွဲကပ်ခြင်း၊ လူမဆန်တိရစ္ဆာန်ကဲ့သို့ သေကျေပျက်စီး ခြင်းဖြင့် ဇာတ်သိမ်းမလှ ဖြစ်ကြရသည်။

မြန်မာနိုင်ငံအနေဖြင့် အမျိုးသမီးနှင့် ကလေးသူငယ်များ ကာကွယ် စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရန် မူဝါဒချမှတ်၍ ၃-၆-၉၆ရက်မှ စတင်၍ MNCWA ကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ အမျိုးသားစီမံကိန်း (National Plan of Action for Trafficking in Women and Children) ကိုလည်း ၃-၇-၉၈ရက်တွင် ရေးဆွဲဆောင်ရွက်ခဲ့သည်။

ထို့အပြင် ယူနီဆက် စသည့်အဖွဲ့အစည်းများ၊ အာဆီယံအဖွဲ့များနှင့် ပူးပေါင်း၍လည်း ပူးတွဲကြေညာစာတမ်းထုတ်ပြန်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်တို့အပြင် ရုရှား၊ ဗီယက်နမ်၊ သြစတြေးလျတို့နှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး၊ သတင်းဖလှယ်ရေးများ ဆောင်ရွက်လျက်ရှိသည်။

လူကုန်ကူးခြင်းကို မြန်မာနိုင်ငံအနေဖြင့် အလေးပေးအရေးယူ ဆောင်ရွက် လျက်ရှိရာ လမ်းကြောင်းခုနစ်ကြောင်းဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။ ယင်းလမ်းကြောင်းများမှာ ကော့သောင်းလမ်းကြောင်း၊ မြဝတီလမ်းကြောင်း၊ တာချီလိတ်လမ်းကြောင်း၊ လွယ်ဂျယ်လမ်းကြောင်း၊ မူဆယ်လမ်းကြောင်း၊ တမူးလမ်းကြောင်းနှင့် အခြားလမ်းကြောင်းများ ဖြစ်သည်။

လူကုန်ကူးသူများအား အောက်ပါဥပဒေများဖြင့် အရေးယူလျက်ရှိသည်။

(၁) ပြစ်မှုဆိုင်ရာဥပဒေ(၁၈၆၁)

(၂) ပြည့်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေ(၁၉၄၉)

(၃) ကလေးသူငယ် ဥပဒေ(၁၉၉၃)

(၄) တရားမဝင်နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေ(၂၀၀၂)

(၅) လူဝင်မှုကြီးကြပ်ရေး လတ်တလောပြဋ္ဌာန်းချက် အက်ဥပဒေ(၁၉၄၇)

(၆) ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေ(၁၉၉၉)

၁၇-၇-၂၀၀၂မှ ၃၁-၁၂-၂၀၀၃ရက်အထိ လူကုန်ကူးမှုနှင့် ပတ်သက်၍ အမှုပေါင်း ၂၉၄မှုကို အရေးယူခဲ့ရာ လူကုန်ကူးခံရသူ ကျား ၇၉၅ဦးနှင့် မ ၆၈၀ဦးရှိသည်ကို တွေ့ရှိရပါသည်။ လူကုန်ကူးခြင်းခံရသူများအား မြဝတီ လက်ခံရေးစခန်းအနေဖြင့် ဌာနခြောက်ခု ပါဝင်သည့်အဖွဲ့က လက်ခံခဲ့ရာ ကျား ၈၀၃၈ဦး၊ မ ၃၂၈၈ဦးကို ၁၈-၂-၂၀၀၂ရက်အထိ လက်ခံခဲ့ပြီး ဖြစ်ပါသည်။

လူကုန်ကူးမှုသည် ကမ္ဘာပေါင်းစုံမှ ဖြေရှင်းရမည့် ပြဿနာဖြစ်သည်။ စီးပွားရေး၊ ရွှေ့ပြောင်းမှု၊ တိုးတက်ဖွံ့ဖြိုးမှု၊ တရားဥပဒေဆိုင်ရာ လိင်ကွဲပြားမှု၊ လူ့အခွင့်အရေး စသည်တို့ကို ဘက်စုံကြည့်ရမည် ဖြစ်သည်။

ပြဿနာကို ဖြေရှင်းရာ၌လည်း တစ်ဦးတစ်ယောက် ကောင်းရုံဖြင့် အောင်မြင်မှုမရရှိနိုင်ပေ။ ဘက်စုံ ထောင့်စုံမှ ချဉ်းကပ်ဖြေရှင်းမှသာ အောင်မြင်မှု ရရှိနိုင်ပါမည်။ နှစ်နိုင်ငံ၊ ထို့အပြင် နိုင်ငံများအကြား သဘောတူညီမှုရယူ၍ ပူးပေါင်းတိုက်ဖျက်ရန် လိုအပ်ပါသည်။

လူကုန်ကူးမှု ပြဿနာသည် မြန်မာလူမျိုးတို့ တန်ဖိုးထားစောင့်ရှောက်သော အမျိုးအနွယ်စောင့်ထိန်းမှုကို ထိခိုက်ပျက်ပြားစေသည့်အတွက် ဤပြဿနာ တားဆီးကာကွယ်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မူဝါဒချမှတ် ဆောင်ရွက်လျက်ရှိပါသဖြင့် ပြည်သူ၊ ပြည်သားများအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်ရန် အထူးလိုအပ်ပါကြောင်း တင်ပြလိုက်ရပါသည်။

(မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်းအဖွဲ့က မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြည်နယ်/တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များ စုံညီအစည်းအဝေး အား ဂုဏ်ပြုပါ၏။)

"အမျိုးသမီးဘဝ ဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့"

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်

ပြည်နယ်/တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များ

စုံညီအစည်းအဝေး

ရန်ကုန်မြို့ ၂၈-၂၉.၃.၂၀၀၄

အတာနှစ်ဦး ကလေးများ ပျော်ပွဲရွှင်ပွဲ

အချိန် – ည ၇း၃၀ – ၁၀း၃၀

နေရက် – မတ်လ ၂၈၊ ဧပြီလ–၂၃၊၂၉၊၁၁၊၁၂ (သင်္ကြန်အကြိုနေ)

အစီအစဉ် – ကလေးငယ်များကြိုက်နှစ်သက်သောဇာတ်ကောင်များကို ပုံစံတူသရုပ်ဆောင်ပြိုင်ပွဲ၊ သင်္ကြန်အကကျော်ခြေမှု၊ စင်တင်မျက်လှည့်၊ တစ်ဦးချင်းစိတ်ကြိုက်ဖျော်ဖြေမှုများ နှင့် ပျော်ရွှင်ဖွယ်ရာ ကစားနည်းများ

(အသက် သုံးနှစ်မှဆယ်နှစ်ကလေးငယ်များ ပါဝင်ဆင်နွှဲနိုင်ရန် ဖိတ်ကြားပါသည်။)

ဖုန်း – ၅၃၈၃၄၇/၅၃၈၃၄၈/၇၂၁၃၄၉/၇၂၁၃၅၀

(သင်္ကြန်အကြိုနေ့နှင့်နှစ်ဆန်းတစ်ရက်နေ့များတွင် Blazon Departmental Store ကိုဖွင့်လှစ်ပါမည်။)

BLAZON
Feel Good & Live Great

တန်ခူးရိပ်မှာ ပိတောက်ဖူးတွေ နှင့်အတူ

ဆောင့် မျှော် နေ ရ သော မိတ် ဆွေ များ အ တွက်

(ဧပြီလ (၁) ရက်မှ (၁၀) ရက်ထိ)

! အသိပေးပါရစေ !

Hot Design တွေရွေးထားဖို့!

Booking လုပ်ထားဖို့!



MVES

Factory & Show Room : No.66, Kaba Aye Pagoda Road, Yangon, Myanmar.
Fax : 951-665503
Website: www.mvesjewelry.com.mm
Tel : 661902, 666770, 666823
E-Mail: MVESJEWELRY@mptmail.net.mm

ငှားမည်

ရန်ကင်း၊ သုခဝတီ၊ ၅၀ X ၁၀၀ (၂)ထပ်တိုက်သစ်၊ 2MBR,2BR, 4A/C, Phပါ အဆင့်မြင့်ပြင်ပြီး။

ဖုန်း–၂၂၁၁၈၄၊ ၂၁၁၆၄၂။

Ruby ☎ 725317, 650823

☎ 380183

Yan Aung

နှစ်သစ်သင်္ကြန်ပျော်မြူးဖို့

သင်္ကြန်ရေကစားမဏ္ဍပ်အမျိုးမျိုး ကုမ္ပဏီ၏ကြော်ငြာသင်္ကြန်မဏ္ဍပ်များ၊ တီးဝိုင်းနှင့်ရေကစားမဏ္ဍပ်များကို တာဝန်ယူဆောက်လုပ်ပေးပါသည်။

ကြော်ငြာပံ့ပိုးကူညီမည့် ကုမ္ပဏီများလည်း ဆက်သွယ်နိုင်ပါသည်။

အမြန်ဆက်သွယ်ပါ။

SIGN MEDIA Tel:293591။

မြန်မာပြည်တွင်ပထမဦးဆုံးဖွင့်လှစ်သောအဆင့်အတန်းမြင့် တရုတ်သက်သတ်လွတ်ဟင်းချက်နည်းသင်တန်း

ယနေ့ လောကသိပ္ပံပညာရှင် သုတေသနတွေ့ရှိချက်အရ သက်သတ်လွတ်စားခြင်း၊ သွေးတိုး၊ နှလုံး၊ ကင်ဆာရောဂါများကို ကင်းဝေးစေနိုင်ပါသည်။ ဟင်းသီးဟင်းရွက်စားခြင်းသည် ဦးနှောက်အတွေးအခေါ်ဉာဏ်စွမ်းထက်မြက်သည်။ အရွယ်တင်သည်၊ အသက်ရှည်သည်၊ တရုတ်သက်သတ်လွတ်ဟင်းချက်နည်းဖြင့် ပဲနှင့်ဂျုံမှ အသားဓာတ်၊ ဟင်းသီးဟင်းရွက်ထဲမှ ဗီတာမင်ဓာတ်ပါသည့် သားတု၊ ငါးတု ဟင်းမျိုးစုံကို အခမဲ့သင်ကြားပေးပါမည်။

စုံစမ်းရန်နှင့်စာရင်းသွင်းရန် – **မွန်းလွဲ ၂နာရီမှ ၄ နာရီ**
ဦးဟန်ကြိုင် အမှတ်(၂၅)၊ ၂၁လမ်း၊ ရန်ကုန်။

ဝင်းလုံ ရတနာရွှေဆိုင်

ဖုန်း 09-80-23279

MEGA TECH ENGINEERING GROUP

ပြုတ်ထွက်သွားသော ကျောရိုးဆစ်ကလေးများ

DOORS, WINDOWS & FRAMES

- KILNDRY
- INTERIOR DECORATION

အမှတ် 708

မိတ္တူ (ကျောကပ်တစ်မျက်နှာ) ၈ိ/–

ဝန်ထမ်းအလိုရှိသည်။(ပြည်တွင်းသို့စနစ်ထားရန်)

၁။ စာရင်းကိုင် **(Accountant)** ကျား/မ(၃)ဦး
B.Com(or)L.C.C.I.Level(III)

၂။ ကွန်ပျူတာ(ကျွမ်းကျင်သူ) ကျား/မ(၁)ဦး
(Widow,Excel,Page Maker,မြန်မာစာရိုက်)

ဝန်ထမ်းအလိုရှိသည်

1. Sales Man (M) 10 posts
2. Sales Promoter (M) 10 posts
3. Marketing Executive (M) 4 posts
